မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ရက်၊ ၂၀၁၀ခုနှစ်၊ ဩဂုတ် ၇ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၀၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General Md Shahidul Haque,psc အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ✳



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးအား ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Vasiliy I. Savenkov အား ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၇ ရက်)

ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးစေမည့် တောင်ပေါ်စခန်းမြို့နှင့် ပတ္တမြားမြေဆက်သွယ်သည့်လမ်း

ပြင်ဦးလွင်မြို့သည် ရာသီဥတုသင့်တင့်မျှတကောင်းမွန်သဖြင့် မြန်မာနိုင်ငံ၏ အပန်းဖြေတောင်ပေါ်စခန်းမြို့အဖြစ် ထင်ရှားသည်။ မိုးကုတ်မြို့သည် ကျောက်သံပတ္တမြား ထွက်ရှိရာဒေသအဖြစ် ထင်ရှားသည်။

ပုဂံမင်းလက်ထက် သက္ကရာဇ် ၁၂၁၂(အေဒီ ၁၈၅၀)တွင် ပြင်ဦးလွင်ကျေးရွာကို စတင်တည်ထောင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ ယခုအခါ ပြင်ဦးလွင်သည် ပြည်တွင်းပြည်ပခရီးသွားများအတွက် အပန်းဖြေမြို့ကြီးတစ်မြို့ ဖြစ်၍နေပြီ။ အလားတူ မိုးကုတ်မြို့ကိုလည်း ပတ္တမြားမြေအဖြစ် လူသိများ၍နေပေပြီ။

ယခုအခါ ထိုသို့ ထင်ရှားလူသိများသော မြို့နှစ်မြို့သို့ တိုက်ရိုက်ဆက်သွယ်နိုင်မည့် ကားလမ်းကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီပေါင်း ၁၀ခုတို့က အပိုင်းလိုက်တာဝန်ယူ၍ စတင်ဖောက်လုပ်လျက်ရှိသည်။ ဒေသခံပြည်သူများ၊ လမ်းမကြီးအနီးရှိ ကျေးလက်ဒေသများ၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ဝမ်းမြောက်စရာဖြစ်သည်။

ယခင်က ပြင်ဦးလွင်မှ မိုးကုတ်သို့သွားလျှင် မတ္တရာ-စဥ့်ကူး-သပိတ်ကျင်းတို့ကိုဖြတ်၍ မိုင် ၁၆၀ သွားခဲ့ရသည်။ ယခုဖောက်လုပ်လျက်ရှိသည့် ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်ကြီး ပြီးစီးသွားပါက လမ်းမိုင် ၉၇မိုင် ၇ဖာလုံသာရှိသဖြင့် ၆၂မိုင် ၁ဖာလုံခန့် ခရီးတိုသွားမည်ဖြစ်သည်။

ကျေးရွာချင်းဆက်သည့်လမ်းများတွင် ကတ္တရာလမ်း ၈မိုင် ၇ဖာလုံ၊ အမာခံလမ်း ၃၇မိုင် ၂ဖာလုံ၊ ကျောက်ချောလမ်း ၃၉မိုင် ၆ဖာလုံ လမ်းဟောင်းရှိပြီးဖြစ်သည်။

လုံးခမ်းမှ လဲကြီးအထိ အတက်အဆင်းမတ်စောက်သော တောင်ပေါ်လမ်းများဖြစ်သည်။ ပြင်ဦးလွင်-မိုးကုတ်လမ်း ၉၇မိုင် ၇ဖာလုံတွင် ရေပြွန်တံတားနှင့် ၅ပေစီ BOX CULVERT အစင်း ၅၀၊ ၁၀ပေမှ ပေ ၃၀အတွင်း တံတား ၆၃စင်း၊ ပေ ၂၄၀တံတားတစ်စင်းတို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး လမ်းအကျယ် ၃၄ပေအထိ ဖောက်လုပ်သွားမည်ဖြစ်သည်။

မိုးကုတ်မြို့သည် တွင်းထွက်ရတနာမျိုးစုံ ထွက်ရှိသဖြင့် မြန်မာနိုင်ငံမှသာမက ကမ္ဘာ့အလယ်တွင်ပင် ထင်ရှားသောမြို့ဖြစ်သည်။ ပတ္တမြား၊ နီလာ၊ ကျောက်နီလာ၊ ဥဿဖရား၊ ဖရဲအူ၊ ဖျော၊ ပြောင်ခေါင်းစိမ်း၊ ရွှေတွင်းဝါ၊ နဂါးသွဲ့၊ မှတ်မီးစသည့် ကျောက်သံပတ္တမြားများ ထွက်ရှိသည်။

မြန်မာနိုင်ငံ၌ထင်ရှားသည့် တောင်ပေါ်အပန်းဖြေစခန်းမြို့ ပြင်ဦးလွင်နှင့် ပတ္တမြားမြေ မိုးကုတ်မြို့တို့ကို ခရီးမိုင်တိုတိုဖြင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ရာ လမ်းကွန်ရက်များ၏ ကျေးဇူးကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးလာလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်များ(အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၆

တက္ကသိုလ်များ(အမျိုးသား) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ရက် နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် အားကစားခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး (အပေါ်ပုံ) **ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။**

ဆက်လက်၍ ပုသိမ်မြို့နယ်ခန်းမ၌ ကျင်းပသော ဧရာဝတီတိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆေးတိုက်ကျွေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ခန်းမအတွင်းပြသထားသော ဆေးဝါးများကို ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ဗီတာမင်ဆေးပြားများ ပေးအပ်ကာ ကလေးငယ်များအား ဗီတာမင်ဆေးလုံးများ တိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စပါးခင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

သံဖြူဇရပ် ဩဂုတ် ၆

ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)နှင့် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးထုတ်လုပ်မှု ပိုမိုလာရေးနှင့် ငါးမျိုးများ ပြန့်ပွားစေရေးအတွက် ဩဂုတ် ၃ရက်က သံဖြူဇရပ်မြို့နယ် ဝါခရကျေးရွာ စပါးခင်းဧက ၁၀၀ အတွင်းနှင့် ကြာကန်ရပ်ကွက် ကြာကန်အင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ သံဖြူဇရပ်မြို့နယ်အတွင်း စပါးခင်းအတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ တီလားဗီးယားငါးမျိုးကောင်ရေ ၅၀၀၀၀၊ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေတစ်သိန်း ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။(ဝဲပုံ) **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၈-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(ဓမ္မသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင် ကဗျာ့အမြင် (တစ်ခါပြန်၍ ဆုံပါစေ)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (သက်ကြီးရွယ်အိုများတွင် လိုအပ်သောအာဟာရဓာတ်များ)
၁၀း၄၀	တေးစီးရီး (မေဆွိနှင့် နှလုံးသားသံစဉ်ချိုချိုများ)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင် တေးသံစဉ်
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်- အဆော့မက်တဲ့ မောင်ခန့်)
၁၂း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (စေတနာကုသိုလ်အကျိုး) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ (ဘဝအမောတွေထဲက အလှသဘောတွေကို ရှာဖွေခြင်း)
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	သိလိုသမျှမေး ကျန်းမာရေး တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၃၅	ဂန္ထဝင်ရှင်ခုန်သံ (၁၀)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၀	သုတစုံကြွယ် သိစေဖွယ် (ဗဟုသုတ မှတ်စု)
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	Talk on Line (ရေဗက္ကာဝင်း) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဂျက်မြသောင်း) စီးပွားရေးဦးတည်ချက်
၂၀း၄၀	လယ်ယာစီးပွား (မျှော်မှန်းသည့် ပန်းတိုင်စပါး အထွက် ကောက်ကွက်မှန်သည့် သော့ချက်)
၂၀း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀	ရင်တွင်းခံစား တေးသီချင်းများ (ပဲင်စီတမ္ဘိုင်း)
၂၁း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀	ခေတ်မရွေးသောတေး
၂၂း၀၀	အစီအစဉ်ပြီး၏။

ဟသ်ာတမြို့နယ် အမှတ်(၁) မြို့ဝင်လမ်း ကျောက်ဖြည့်ပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းသီတာဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

✳ ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လိန်းလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လိန်းလီတံတားတည်ဆောက်မှုစစ်ဆေး

တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း ပြုပြင်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစီမံကိန်းဆိုင်ရာ လိုအပ်ချက်များမှာကြား

နေပြည်တော် ဩဂုတ် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၄ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် လိန်းလီတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက တံတားဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် လုပ်ငန်းခွင်အတွင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ပေးအပ်

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ကယားပြည်နယ် ဖရူဆိုမြို့နယ်သို့ရောက်ရှိပြီး တပ်နယ်မိသားစုများနှင့် တွေ့ဆုံကာ အားကစားပစ္စည်းများ၊ စားသောက်ဖွယ်ရာနှင့် သုတ၊ ရသစုံစာစောင်များ ပေးအပ်သည်။

လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဖရူဆိုမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ရင်းနှီးစွာ အားပေးနှုတ်ဆက်၍ စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် အမှောင်ခန်း၊ ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဖရူဆိုမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး စာသင်ဆောင်များနှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ကျောင်းအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆင့်မြှင့်တင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကယားပြည်နယ် လွိုင်ကော်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်မည့် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း(ကရင်-ကယားနယ်စပ်မှ ဖားဆောင်းအပိုင်း)ပြုပြင်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဝန်ကြီးဦးလွန်းသီ တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်စိုက်ပျိုးပေး

သစ်ပင်စိုက်ပျိုး စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (စွမ်းအင်)

နေပြည်တော် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးများ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးပေးကြသည်။ ယင်းနောက် ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

စိုက်ပျိုး

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာအတွင်း သန့်ရှင်းသပ်ရပ် သာယာလှပစိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၀၆ ခုနှစ်မှစတင်ကာ နှစ်ရှည်အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း အပင်ရေ ၅၄၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယခုတတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ စိန်တစ်လုံးသရက်၊ ဟော်လန်သံပရာနှင့် အခြားအရိပ်ရ လေကာပင်မျိုးစုံ စုစုပေါင်း ၄၀၀၀ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၅၈၀၀၀ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ကော်မရှင်အဖွဲ့ခွဲရုံးများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၆

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွိုင်ကော်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ယနေ့တွင် လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်၊ ဓမ္မာရုံရပ်ကွက်နှင့် လောဓမ္မရပ်ကွက်တို့သို့ သွားရောက်၍ ကော်မရှင်အဖွဲ့ခွဲရုံးများ ဖွင့်လှစ်ထားရှိမှု၊ မဲစာရင်းများပြုစုထားရှိမှုနှင့် မဲရုံဆောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အာဖရိကနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ သတင်းအချက်အလက်ရရှိရေး

ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံး ပြင်သစ်လွှတ်တင်

ပါရီ ဩဂုတ် ၆

ပြင်သစ်နိုင်ငံက ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကို ဩဂုတ် ၅ရက်က အာကာသသို့လွှတ်တင်လိုက်ပြီဖြစ်ကြောင်း၊ (ယာပုံ) **၎င်းဂြိုဟ်တုနှစ်လုံးသည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကဆိုင်ရာ သတင်းအချက်အလက်များရယူရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။**

အဆိုပါဂြိုဟ်တုနှစ်လုံးမှာ နီလီဆက်-၂၀၁နှင့် ရက်စကွန်အော်ဖာဂြိုဟ်တုများဖြစ်ပြီး ပြင်သစ်နိုင်ငံ ဂီယာနာရှိ ကော်ယူဒုံးပျံလွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

တည်ဆောက်

ဂြိုဟ်တုနှစ်ခုစလုံးကို သာလက်စ်အလီနီယာအာကာသစခန်းတွင် ၁၅နှစ်ကြာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု အာကာသယာဉ်များ တည်ဆောက်ရေးကုမ္ပဏီက ပြောကြားသည်။

လွှတ်တင်

နီလီဆက်ဂြိုဟ်တုသည် ကီလိုဂရမ် ၃၂၀၀လေးပြီး ရက်စကွန်အော်ဖာဂြိုဟ်တုမှာ ကီလိုဂရမ် ၃၀၀၀အလေးချိန်ရှိသည်။ အာရိန်း-၅ဒုံးပျံသည် အဆိုပါ ဂြိုဟ်တုနှစ်လုံးကို လွှတ်တင်ပေးခဲ့ရာ ၂၀၁၀ခုနှစ်အတွင်း တတိယအကြိမ်မြောက် အာကာသသို့ လွှတ်တင်ခြင်းဖြစ်ပြီး အာကာသသို့ စုစုပေါင်း ၃၈ကြိမ်မြောက် လွှတ်တင်နိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရင်ဆိုင်ကြုံတွေ့

မက္ကဆီကိုပင်လယ်ကွေ့ ကမ်းခြေတစ်နေရာတွင် ရေနံယိုဖိတ်မှုဒဏ်ခံနေရသော ငှက်ကြီးဝန်ပို တစ်ကောင်ကို ဩဂုတ် ၅ရက်က တွေ့ရစဉ်။ (မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံများ ယိုဖိတ်မှုကြောင့် သားရဲတိရစ္ဆာန်နှင့် ရေသတ္တဝါများ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။)

(အင်တာနက်ဓာတ်ပုံ)

အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ အစည်းအဝေး ဟန္နွိုင်း၌ကျင်းပ

ဟန္နွိုင်း ဩဂုတ် ၆

(၂၁)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ အစည်းအဝေးကို ဟန္နွိုင်းမြို့၌ ဩဂုတ် ၄ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ် ၁၅၀ခန့် တက်ရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပြုလုပ်နိုင်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုသည် အာဆီယံနိုင်ငံများတွင်သာမက ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရကြောင်း ယင်းအစည်းအဝေး၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာဆီယံတာဝန်ရှိသူများအဖွဲ့ ဥက္ကဋ္ဌ ဗန်းမိုနီနက်က ပြောကြားသည်။ အာဆီယံနိုင်ငံအများစုတွင် ကမ်းရိုးတန်းဒေသများ ရှိထားပြီးဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကို ကျယ်ပြန့်သည့် အစီအမံများဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တက်ရောက်လာသည့် ကိုယ်စားလှယ်များက သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးအပါအဝင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ ဇီဝမျိုးကွဲများနှင့် အရှေ့အာရှဒေသ ကာဗွန်ထုတ်လွှတ်မှု နည်းသော မြို့ကြီးများဖြစ်ရေးကိစ္စများ ဆွေးနွေးကြကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ ငတ်မွတ်ခေါင်းပါးသူ ဦးရေ လျော့ချရေး အက်ဖ်အေအိုနှိုးဆော်

ရိုနီဗာ ဩဂုတ် ၆

ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှုအန္တရာယ် ကိုင်တွယ်ဖြေရှင်းရေးအတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က အင်တာနက်ဝက်ဘ်ဆိုဒ်များမှ တစ်ဆင့်နှိုးဆော် တိုက်တွန်းလိုက်သည်။

လှုံ့ဆော်

အဆိုပါနှိုးဆော်ချက်ကို ယခုအထိ ပြည်သူ ၂၈၀၀၀၀ကျော်တို့က လက်မှတ်ရေးထိုးထောက်ခံကြောင်း သိရသည်။ ကမ္ဘာ့ပြည်သူ တစ်ဘီလီယံနီးပါး ငတ်မွတ်ခေါင်းပါးမှုဒဏ် ခံစားနေရခြင်းမှာ လက်ခံနိုင်စရာမဟုတ်ကြောင်း၊ ထိုသူအားလုံး ဤနှိုးဆော်ချက်ကို လက်မှတ်ရေးထိုးသင့်သည်ဟုလည်း အက်ဖ်အေအိုက လှုံ့ဆော်ထားသည်။

ဖြည့်ဆည်း

ငတ်မွတ်သူဦးရေကို တစ်ဘီလီယံမှ ၂၀၁၅ခုနှစ်အရောက်တွင် သန်း ၄၂၀အထိ လျှော့ချမည်ဖြစ်ကြောင်း ၁၉၉၆ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးညီလာခံ၌ နိုင်ငံပေါင်း ၁၈၅နိုင်ငံက ကတိပြုခဲ့သည်။ သို့သော် ထိထိရောက်ရောက် ကိုင်တွယ်ခြင်း မပြုဘဲနေလျှင် ထိုရည်မှန်းချက်ကို ၂၀၅၀ ပြည့်နှစ် ရောက်သည့်တိုင်အောင် ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ဟု ဆိုသည်။

(အင်တာနက်)

ရုရှားစစ်သင်္ဘော အိန္ဒိယနိုင်ငံသို့ ဆိုက်ကပ်

မွမ်ဘိုင်း ဩဂုတ် ၆

ရုရှားနိုင်ငံမှ နျူကလီးယားဒုံးကျည်များ တပ်ဆင်ထားသော ရေတပ်စစ်သင်္ဘောကြီး တစ်စင်း အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း မိုမာဂါရိုဆိပ်ကမ်းသို့ ဩဂုတ် ၆ရက်၌ ဆိုက်ကပ်လာကြောင်း အိန္ဒိယစစ်ဘက်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ခြောက်ရက်

အဆိုပါ ရုရှားရေတပ်သင်္ဘောကြီးသည် ဩဂုတ် ၆ရက်မှ စတင်ကာ အိန္ဒိယနိုင်ငံသို့ ခြောက်ရက်အကြာ အလည်အပတ် ခရီးဆိုက်ရောက်လာခြင်းဖြစ်သည်။ ထို့အတူ မိုမူဂါရိုဆိပ်ကမ်းမှာပင် ကျောက်ချရပ်ထားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း မိုမူဂါရိုဆိပ်ကမ်းသို့ ပြည်ပမှ နျူကလီးယားဒုံးကျည်တပ် စစ်သင်္ဘောဆိုက်ကပ်မှုမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်ပြီး နှစ်နိုင်ငံစစ်ဘက်ရေးရာ အပြန်အလှန် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်စေရန်အတွက် ဖြစ်ကြောင်း နယူးဒေလီမြို့ရှိ ရုရှားသံရုံးမှ တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)



ကမ္ဘောဒီးယား၌ မိုးကြိုးပစ်၍ သေဆုံးသူ ၈ဦးရှိခဲ့

ဖနောင်ပင် ဩဂုတ် ၆

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း ကျေးလက်ဒေသများတွင် ယခုနှစ် မိုးတွင်းကာလ၌ မိုးကြိုးပစ်၍ သေဆုံးရသူပေါင်း ၈ဦးရှိခဲ့ကြောင်း ကမ္ဘောဒီးယားအစိုးရက ဩဂုတ် ၅ရက်၌ ထုတ်ပြန်ကြေညာသည်။

သေဆုံး

ယခုနှစ်မိုးရာသီတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ဇူလိုင်လကုန်အထိ မိုးကြိုးပစ်၍ သေဆုံးသူ ၈ဦးရှိခဲ့ခြင်းမှာ ယခင်နှစ် အလားတူ ကာလကထက် နည်းခဲ့သည်။

ပြောကြား

ယခင်နှစ်က မိုးကြိုးပစ်၍ သေဆုံးသူ ၁၁၀အထိ ရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အမျိုးသားကော်မတီမှ ဆက်သွယ်ရေးအရာရှိ ကေအိုဖိုင်းက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ထိပ်သီးအစည်းအဝေး သမ္မတကာဇိုင်းတက်မည်

ကဘူးလ် ဩဂုတ် ၆

အီရန်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဖဂန်နစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် အီရန်နိုင်ငံတို့၏ သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ဩဂုတ် ၄ရက်က အီရန်သို့ ခရီးထွက်ခွာသွားကြောင်း သမ္မတရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

အီရန်၊ အာဖဂန်နစ္စတန်နှင့် တာဂျစ်ကစ္စတန်သုံးနိုင်ငံ၏ ယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ရေးကို အလေးထားဆွေးနွေးကြမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကြက်ငှက်တုပ်ကွေးဖြင့် ကလေးငယ်သေဆုံး

ဟန္နွိုင်း ဩဂုတ် ၆

ဗီယက်နမ်တောင်ပိုင်း ဟိုချီမင်းမြို့၌ ဩဂုတ် ၃ရက်က A (H1 N1) တုပ်ကွေးရောဂါဖြင့် ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးကြောင်း နိုင်ငံပိုင်သတင်းစာက ဖော်ပြသည်။

၎င်းကလေးငယ်သည် ရက်သတ္တနှစ်ပတ်ကြာ ဖျားနာခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှုကျပ်ခြင်း ဝေဒနာများကို ခံစားခဲ့ရပြီး ဟိုချီမင်းမြို့ ကလေးဆေးရုံ၌ သေဆုံးခဲ့ရသည်ဟု ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အကြီးဆုံး ဒိုင်နိုဆောပြတိုက်

ကျီနန် ဩဂုတ် ၆

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ ဒိုင်နိုဆောပြတိုက်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးဒိုင်နိုဆောပြတိုက်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

တည်ရှိ

ယင်းပြတိုက်သည် ရှန်တုန်ပြည်နယ် ပင်ကျီမြို့တွင်တည်ရှိပြီး ၂၀၀၄ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော ပြတိုက်ဖြစ်သည်။ ပြတိုက်အတွင်း ဒိုင်နိုဆောရုပ်ကြွင်းများ၊ ရှေးခေတ်သတ္တဝါတို့၏အရိုးစုများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို အမျိုးအစားစုံလင်စွာ ပြသထားသည်။ ဒိုင်နိုဆောအရိုးစုနှင့် ရုပ်ကြွင်းအစိတ်အပိုင်းစုစုပေါင်း ၁၁၀၆ခုကို ထည့်သွင်းပြသထားသည်။

အကျယ်အဝန်း

ပြတိုက်၏အကျယ်အဝန်းမှာ စတုရန်းမီတာ ၂၈၀၀၀ရှိသည်။ အလွန်ရှားပါးပြီး ရှေးအကျဆုံး ဒိုင်နိုဆော ခန္ဓာကိုယ်အစိတ်အပိုင်း အပြည့်အစုံပါရှိသည့် အရိုးစု ၇၀ကိုလည်း ပြသထားသည်။

(အင်တာနက်)

7-8 (04).pmd 1 8/7/2010, 1:19 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ကုန်တင်သင်္ဘောတစ်စင်း ဆိုမာလီဓားပြများအပိုင်စီး

အေဒင်ပင်လယ်ကွေ့တွင် သကြားများ တင်ဆောင်လာသော သင်္ဘောသား ၂၄ဦးပါရှိသည့် ကုန်တင်သင်္ဘောတစ်စင်းကို ဩဂုတ် ၆ ရက် နံနက်က ဆိုမာလီ ပင်လယ်ဓားပြများက အပိုင်စီးသွားခဲ့ကြောင်း ဥရောပသမဂ္ဂရေတပ်အရာရှိများက ပြောကြားသည်။

နိုင်ငံတကာအာကာသယာဉ်စခန်း ပြင်ဆင်ရန်လိုအပ်

နိုင်ငံတကာ အာကာသယာဉ်စခန်း၏ အစိတ်အပိုင်းအချို့ကို အစားထိုးပြင်ဆင်ရန် လိုအပ်နေရာ အင်ဂျင်နီယာအာကာသယာဉ်မှူးများ ထပ်မံစေလွှတ်ရန် လိုအပ်နေကြောင်း နာဆာက ဩဂုတ် ၆ရက်၌ သတင်းထုတ်ပြန်သည်။

ရုရှားလေတပ်မှ လေယာဉ်တစ်စင်းပျက်ကျ

ရုရှားလေတပ်မှ စစ်ဘက်ဂျက်လေယာဉ်တစ်စင်း ရုရှားနိုင်ငံ တရန်ဘိုင်ကယ် အရပ်၌ ဩဂုတ် ၆ရက်က ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်၌ပါရှိသူ လေယာဉ်မှူး နှစ်ဦး အချိန်မီခုန်ထွက်နိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း ရုရှား စစ်ဘက်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

တရုတ်အလယ်ပိုင်း၌ ဓာတ်ငွေ့ပေါက်ကွဲ

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် ဒန်ဖန်မြို့အနီးရှိ ကျောက်မီးသွေး တွင်းတစ်တွင်း၌ ဩဂုတ် ၆ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ကျောက်မီးသွေးတွင်း လုပ်သား ၁၆ဦးသေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်တွင် လေဆိပ်၌ ဗုံးပေါက်ကွဲ

ဖိလစ်ပိုင်နိုင်ငံ ဇမ်ဘိုအင်ဂါမြို့ လေဆိပ်၌ ဩဂုတ် ၆ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းအနည်းငယ်ကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိရာ တရုတ်နိုင်ငံ ဟောင်ကောင်ဈေးကွက်၌ ဩဂုတ် ၆ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၉၅ ဒသမ ၉၃ ဒေါ်လာဖြစ်ခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

ဂျပန်၌ ဟီရိုရှီးမားနေ့ ဘန်ကီမွန်းတက်ရောက်

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ရှိ ငြိမ်းချမ်းရေး ဥယျာဉ်အတွင်း၌ ဩဂုတ် ၆ရက် နံနက်က (၆၅)နှစ်မြောက် ဟီရိုရှီးမားနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ နိုင်ငံပေါင်း ၇၀မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည့်အပြင် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် ဘန်ကီမွန်းလည်း တက်ရောက်ခဲ့သည်။

အစ္စရေး၌ ရထားနှင့်ကားတိုက်မှုကြောင့် ခုနစ်ဦးသေဆုံး

အစ္စရေးနိုင်ငံ ကီရာယက်မြို့အနီးတွင် ရထားလမ်းနှင့် ကားလမ်းဆုံရာ၌ ဘတ်စ်ကားတစ်စီးနှင့် ရထားတစ်စင်းတို့ ဩဂုတ် ၆ရက် နံနက်က တိုက်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

မက္ကဆီကို၌ ပုဂ္ဂလိကလေကြောင်းများ လျှော့မည်မဟုတ်

မက္ကဆီကိုနိုင်ငံတွင် ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများ ဝင်ငွေကျဆင်းမှု ရှိနေသော်လည်း လေကြောင်းခရီးစဉ်များ ပုံမှန်ပျံသန်းနိုင်ရန် ပုဂ္ဂလိက လေကြောင်း လိုင်းများကို လျှော့ချသွားမည်မဟုတ်ကြောင်း မက္ကဆီကို အစိုးရက ဩဂုတ် ၆ရက်၌ သတင်းထုတ်ပြန်သည်။ ။ *(အင်တာနက်)*

စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် ဆိပ်ခံတံတားကြွခိုင်မှု

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင် ၂၈ရက်က စစ်တွေမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတို့က မိမိတို့ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ကျေးပင်ကြီးရပ်ကွက် ဆိပ်ခံတံတားသန့်ရှင်းသာယာလှပရေးနှင့် တံတားကြွခိုင်မှုအခြေအနေ၊ ရေယာဉ်များ ဆိုက်ကပ်နိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နာနိုနည်းပညာရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ခေတ်မီပညာပြန့်ပွားရေး ရည်ရွယ်ချက်နှင့်အညီ နာနိုနည်းပညာရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ (FORUM ON NANOTECHNOLOGY)ကို ဩဂုတ် ၄ရက် နံနက် ၉နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦး **(အပေါ်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာညွန့်ဝင်းက နာနိုဓာတုဗေဒနှင့် နာနိုနည်းပညာရပ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက Recent Development in Nanotechnology ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခ ဌာနမှူး ဒေါက်တာကြည်ကြည်သင်းက နာနိုဆေးပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ထွဋ်က နာနိုနည်းပညာဖွံ့ဖြိုးရေးနှင့် မြန်မာနိုင်ငံ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ရှင်းလင်းကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၇-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၂၀ ၃။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ စည်းကမ်းလည်းကျ စာတည်းတတ်စေ
- ၇:၂၅ ၄။ ဓမ္မပူဇာတေး
- ၇:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမွှာစုံထောက်** (အပိုင်း-၂၇)
- ၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **မေတ္တာအရင်းခံ** မြင့်မြတ်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ကုသိုလ်)
- ၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၈)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ **စားဖို ဆောင် ချစ် သူ**
- ၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ အင်္ဂလိပ်စာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဉ္စလက်ပုံရိပ်** (အပိုင်း-၂)
- ၂၄။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၆)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြို့ပြအင်ဂျင်နီယာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

၁၉၈၁-၈၅ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅) နှစ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပမည်ဖြစ်ရာ ကိုစောထွေးဇော်(ရန်ကုန်) ဖုန်း-၀၁-၆၆၂၁၀၀၊ ၀၉-၅၀-၀၉၃၅၆၊ ကိုခင်မောင်လွင် (ရန်ကုန်) ဖုန်း-၀၉-၅၀-၂၀၉၃၀၊ ကိုသိန်းမင်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၃၀၄၄၅၊ ကိုကျော်မင်း(ရန်ကုန်) ဖုန်း-၀၉-၅၀-၁၇၆၇၈၊ မမီမီချမ်း (ရန်ကုန်) ဖုန်း-၀၁-၅၆၄၁၆၇၊ ၀၉-၈၆-၁၈၁၇၅၊ မသက်သက်မွန် (ရန်ကုန်) ဖုန်း-၀၉-၅၀-၀၈၆၂၂၊ ကိုမျိုးဝင်း (နေပြည်တော်) ဖုန်း-၀၉-၈၆-၁၈၁၈၄၊ မခင်စန်းသွင်(နေပြည်တော်) ဖုန်း-၀၆၇-၄၀၇၄၇၅၊ ကိုဝင်းဦး(မန္တလေး) ဖုန်း-၀၉-၂၀-၀၄၇၈၇၊ ကိုမိုးအောင် (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀-၄၄၂၂၂နှင့် ကိုဝင်းမော်ဌေး (မကွေး) ဖုန်း-၀၉-၅၃-၄၁၀၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A_4 စာမျက်နှာဖြင့် ကွန်ပျူတာလေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုစေဘဲ ရေးဖွဲ့နိုင်သည်။

ယှဉ်ပြိုင်ရမည်

ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။

ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊နိုင်ငံသားမှတ်ပုံတင်အမှတ်၊ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆု ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၊ တတိယဆု ငွေကျပ် ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆ နှင့် ၃၇၁၃၄၂ တို့သို့ စက်တင်ဘာ ၂၀ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၁၅ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များသို့ ငွေပဒေသာပင်ပေးအပ်လှူဒါန်းပွဲ

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ်၁ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အလှူငွေများကို ပေးအပ်လှူဒါန်း၍ အလှူရှင်များ၏ ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ်စာစောင်များကိုလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ တိုင်းမှူးက လှူဒါန်းရရှိသည့်ပစ္စည်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ် ချီးမြှင့်

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ် (၄/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနား၌ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝင်းအောင် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၅)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်းဆင်း

ဝန်ကြီးဦးခင်မောင်မြင့် တက်ရောက် ဆုများချီးမြှင့်

နေပြည်တော် ဩဂုတ် ၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၄ရက် မွန်းတည့်၁၂နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ် (၄/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ (ကျွမ်းကျင်သူ)ပညာရှင် ဒေါက်တာစန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ အမှုထမ်း၃၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးခင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဇော်က သင်တန်းသားခေါင်းဆောင်ထံသို့ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ချီးမြှင့်

ထို့နောက် ဝန်ကြီးက သင်တန်းတွင် ပထမဆုရ လျှပ်စစ်ကျွမ်းကျင်(၄)ဒေါ်ကေခိုင်ချစ်၊ ဒုတိယဆုရ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်လဲ့လဲ့ဝင်းနှင့် တတိယဆုရ အကြီးတန်းစာရေး ဒေါ်အေးမြတ်မွန်တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေး အရှိန်မြှင့်တင်ရေးသင်တန်း မော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း အရှိန်မြှင့်တင်ရေး သက်ရှယ်အုပ်စုတူအတွင်း ပညာပေးဟောပြောခြင်းနှင့် သင်တန်းပို့ချခြင်း အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၈နာရီက မော်ဘီမြို့ အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးမြင့်စိုး၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်သန်းသန်းမြင့်တို့က ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းဆိုင်ရာများကို ဟောပြောပို့ချပြီး သင်တန်းကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ်မိခင်နှင့်ကလေး ဥက္ကဋ္ဌ ဒေါ်ဝေဝေအောင်တို့က ကြီးကြပ်ခဲ့သည်။ **(အောက်ပုံ)**

ပို့ချမည်

အဆိုပါ သင်တန်းသို့ မော်ဘီမြို့ အမှတ်(၄)ရပ်ကွက်မှ သင်တန်းသား ၂၀တက်ရောက်ပြီး မော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ တစ်ရွာလျှင် ၂၀နှုန်းနှင့် သင်တန်းသား၂၀၀အား ဆင့်ပွားသင်တန်း ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းစီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၆

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ရက် နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်ဦးဝင်းအောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းကာလ

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြ ဆရာ ဆရာမများနှင့် ဝန်ကြီးဌာနအသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းသင်တန်းသား ၆၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်းခွဲ ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်း မြို့နယ်အသင်းခွဲ ဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ၃ရက်က အထက(၁) ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကား ပြောကြားသည်။

ဖွဲ့စည်း

ထို့နောက် မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်း(ဗဟို) ဖွဲ့စည်းရေးတာဝန်ခံ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် အဖွဲ့က ဥက္ကဋ္ဌဦးတင့်ဇော်၊ အတွင်းရေးမှူးဦးမျိုးနိုင် အပါအဝင် အမှုဆောင် ၁၅ဦးဖြင့် ကြည့်မြင်တိုင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်းအဖွဲ့ကို ဖွဲ့စည်းသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါး အသင်း အသင်းခွဲဆိုင်းဘုတ်ကို အလုပ်အမှုဆောင်ဦးတင်မောင်လှိုင်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးသူရအေးတို့က မြို့နယ် အသင်းခွဲဥက္ကဋ္ဌ ဦးတင့်ဇော်ထံ အသင်းဝင်လျှောက်လွှာများနှင့် အသင်း အဖွဲ့မှတ်တမ်း စည်းမျဉ်းများကို ပေးအပ်သည်။

(၁၆၄)

သံဖြူဇရပ်မြို့ အထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

သံဖြူဇရပ် ဩဂုတ် ၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အခြေခံပညာ အထက်တန်းကျောင်း(ယခု အထက-၁) တွင် ၁၉၆၂ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)နှင့်အထက် အငြိမ်းစား အနားယူသွားခဲ့ကြသော ဆရာ ဆရာမဟောင်းများအား တပည့်ဟောင်းများက ဒီဇင်ဘာလအတွင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဒေသအသီးသီးတွင် ရောက်ရှိနေကြ သည့် ဆရာ ဆရာမဟောင်းများသည် ဦးဘဏ်ဟိန်း ဖုန်း-၀၅၇-၇၉၄၂၈၊ ဦးအောင်ထူး ဖုန်း-၀၅၇-၇၉၆၇၈၊ ဒေါ်ညိုညိုသန်း ဖုန်း-၀၅၇-၇၉၀၁၃၊ ဒေါ်နှင်းညွန့်(ပင်ရှာ) ဖုန်း-၀၉-၈၇၁၈၃၉၉၊ ကိုမျိုးလွင်ဦး (သံဖြူဇရပ်အသင်း-ရန်ကုန်) ဖုန်း-၀၁-၇၂၁၈၁၈၊ ကိုမောင်ဝင်း (ရန်ကုန်) ဖုန်း-၀၉- ၈၀-၃၁၄၇၁၊ ကိုငွေးနိုင်(ရန်ကုန်) ဖုန်း-၀၉-၅၃၀၀၉၄၆ တို့ထံ ဆက်သွယ်ကြပြီး ကျောင်းသားကျောင်းသူဟောင်းများ ပူဇော်ပွဲတက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်ရီရီစန်း မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် သံဖြူဇရပ်မြို့ ဖုန်း-၀၅၇-၇၉၅၁၀ တို့သို့ တိုက်ရိုက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဇူလိုင်၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထူး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)



ကတ္တရာလမ်းတိုးချဲ့ခင်း

ညောင်ဦးမြို့ ကျုန်စစ်သားလမ်း ကတ္တရာလမ်း တိုးချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသူရထွန်းလင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးညီညီဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုးစပါး၊ နွေစပါး ဧက ၉၀၀၀၀ကျော် စိုက်ပျိုးရေပေးဝေပြီး လျှပ်စစ်ဓာတ်အား ၇၄မဂ္ဂါဝပ် ထုတ်ပေးမည့် ကြီးအုံကြီးဝရေလှောင်တမံ

➤ သတင်းခရီးသည်-ကျော်စိန် ➤ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ပွင့်ဖြူ သြဂုတ် ၆

သတင်းခရီးသည်တို့ ကြီးအုံကြီးဝ ရေလှောင်တမံ လုပ်ငန်းခွင်ဆီသို့ ခရီးထွက်ခဲ့ကြသည်။ ပုသိမ်-မုံရွာလမ်းမကြီးအတိုင်း ခရီးထွက်ခဲ့ရာ မိုင်တိုင်အမှတ် ၁၃၂မိုင် ၂ဖာလုံအရောက်တွင် သတင်းခရီးသည်တို့ စီးလာသောကားက အနောက်ဘက်သို့ ကွေ့လိုက်သည်။ အသစ်ဖောက်လုပ်သော မြေလမ်းအဝတွင် ကြီးအုံကြီးဝသို့ ၇မိုင် ၄ဖာလုံ လမ်းညွှန်ဟူသည့်ဆိုင်းဘုတ်ကို တွေ့လိုက်ရ၏။ လမ်းဘေးဝဲယာတွင် စိမ်းလန်းစိုပြည်နေသော သစ်ပင်အုပ်များကို တွေ့ရသည်။ နာရီဝက်ခန့် ကားမောင်းဝင်မိလျှင် ဂျုံးဂျုံးဂျိုင်းဂျိုင်းအသံများနှင့် ကားအင်ဂျင်စက်သံများ ကြားရတော့သည်။ မြေတူး၊ မြေညှိ၊ မြေကော်စက်ယန္တရားများနှင့် မြေသယ်ယာဉ်များ၏ စက်မောင်းသံများပင် ဖြစ်သည်။ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ တည်ဆောက်လျက်ရှိသည့် ကြီးအုံကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ကြပေပြီ။

ထုတ်လွှတ်နိုင်

မင်းဘူးမြို့နယ် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်က "ကြီးအုံကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၃ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေ သိုလှောင်ရေးနှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးကိုပါ ဖော်ဆောင်ရာတွင် ဆည်တမံဆောက်လုပ်ရေးအပိုင်းကို ဆည်မြောင်းဦးစီးဌာန မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက်ကိုမူ တရုတ်ပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ပြီးဖြစ်သည့် မုန်းချောင်း ရေလှောင်တမံ၏ အောက်ဘက် ၁၅မိုင်ခန့်အကွာ ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးတွင် ကြီးအုံကြီးဝရေလှောင်တမံကို တည်ဆောက်ထားကြောင်း၊ မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ထုတ်ယူပြီးနောက် ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံနှစ်ခု ကြားနယ်မြေမှ သဘာဝအလျောက် စီးဆင်းနေသော ရေများကို စုပေါင်း သိုလှောင် စီးဆင်းစေကာ ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ထုတ်လွှတ် နိုင်မည်ဖြစ်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရေပေးဝေနိုင်

မိုးစပါးနှင့် နွေစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးဝေမှုနှင့်ပတ်သက်၍ ဆက်လက်ရှင်းပြရာတွင် "ကြီးအုံကြီးဝ ရေလှောင်တမံမှ သိုလှောင်ရေများဖြင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပြီးနောက် ကျဆင်းလာသောရေများကို အလဟဿ မဖြစ်စေဘဲ အောက်ဘက် ၅မိုင်ခန့်အကွာရှိ မဲဇလီရေလွှဲဆည်သို့ တူးမြောင်းစနစ်ဖြင့် ပို့လွှတ်မည်ဖြစ်ပါကြောင်း၊ မဲဇလီရေလွှဲဆည်မှတစ်ဆင့် မင်းဘူးခရိုင်အတွင်းရှိ လယ်မြေဧက ၉၆၇၇၇ဧကကို မိုးစပါးအတွက် ရေအလုံအလောက်ပေးဝေနိုင်မည်ဖြစ်သည့်အပြင် သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကထက်မက ရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း"ဖြင့် ပြောကြားသည်။

"သတ်မှတ်လျာထားချိန် ပြီးစီးနိုင်ရန် စက်ယန္တရား စခေါင်းဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲကာ လုပ်ဆောင်နေပါတယ်။"

ဦးသန်းထွန်း
ဦးစီးအရာရှိ (မြို့ပြ)။

ရေအားလျှပ်စစ် ၇၄မဂ္ဂါဝပ် ထုတ်လုပ်ပေးမည့် စက်ရုံအဆောက်အအုံ တည်ဆောက်နေပုံကို ဤသို့ တွေ့ရသည်။

မြင်တွေ့

ခံ့ထည်ကြီးမားလှသော အလျားပေ ၃၂၈၀၊ အမြင့် ၁၆၄ပေရှိ ရေလှောင်တမံ၊ အလျား ၈၈၅ပေ၊ အနက် ၅၁ပေရှိ ရေစိမ့်တား ကွန်ကရစ်နံရံ၊ အလျားပေ ၁၁၀၀၊ အကျယ် ၃၂၆ပေရှိ သံကူကွန်ကရစ် ရေပိုလွှဲ၊ ရေအားလျှပ်စစ်အတွက် ကိုယ်တိုင်တပ်ဆင်တည်ဆောက်ထားသော အချင်း ၁၈ပေရှိ သံမဏိပိုက်လုံးရှည် နှစ်လုံးနှင့် စိုက်ပျိုးရေပေးမည့် အချင်း ၁၀ပေရှိ သံမဏိပိုက်လုံးရှည်တစ်လုံး၊ ရေအားလျှပ်စစ် ၃၇မဂ္ဂါဝပ်စီ ထုတ်လုပ်ပေးမည့် တာဘိုင်နှစ်လုံး တပ်ဆင်မည့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နေမှုတို့ကို အားရစဖွယ် မြင်တွေ့ရသည်။



တမံအထက်ပိုင်းနှင့် အောက်ပိုင်း တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

ထူးခြားချက်

ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ဆောက်ရေးတာဝန်ခံ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးသန်းထွန်းက ရေလှောင်တမံတည်ဆောက်မှု ထူးခြားချက်များကို ရှင်းပြပြောကြားရာတွင် "ကြီးအုံကြီးဝရေလှောင်တမံသည် ဇုန်တမံအမျိုးအစားဖြစ်ကြောင်း၊ မြေသားသက်သက်ဖြင့်တည်ဆောက်သော မြေသားတမံမဟုတ်ဘဲ ကျောက်စရစ်နှင့် သဲရောနှောထားသော ဖြုန်းမြေ (River Bed Material)ကို တမံ၏အထက်ပိုင်းနှင့် အောက်ပိုင်းဘေးနှစ်ဖက်တွင် ထည့်သွင်းထားကြောင်း၊ တမံအလယ်ပိုင်းတွင်မူ ရေလုံသော နုံ့စေးမြေ(Core Zone) ထည့်သွင်းတည်ဆောက်ထားကြောင်း၊ သဘာဝအလျောက်ရှိနေသော မုန်းချောင်းအတွင်း အောက်ခြေကြမ်းပြင်မှ ဖြုန်းမြေများကို သယ်ယူခဲ့ရကြောင်း၊ ထုထည်ကြီးမားသော တမံကြီးဖြစ်၍ ရေလုံခိုင်ခံ့အောင် တည်ဆောက်ထားခြင်းပင်ဖြစ်ကြောင်း"ရှင်းပြပြောကြားသည်။

ရှင်းပြ

ရေအားလျှပ်စစ်ထုတ်လွှတ်ပေးနိုင်ရန် စက်ရုံတည်ဆောက်ရခြင်းကို ဆက်လက်ရှင်းပြရာ "ရေထိန်းမျှော်စင်အစား ရေယူအဆောက်အအုံ (Intake Penstock & Power House)ကိုပါ တည်ဆောက်ရပါကြောင်း၊ လျှပ်စစ်အတွက် ဖိအားမြှင့် သံမဏိပိုက်လုံး အချင်း ၁၈ပေ နှစ်လိုင်းနှင့် စိုက်ပျိုးရေပေးရန် အချင်း ၁၀ပေရှိ သံမဏိပိုက်လိုင်းတစ်လိုင်း တပ်ဆင်ထားကြောင်း၊ လျှပ်စစ်မထုတ်သည့်ကာလတွင် စိုက်ပျိုးရေးအတွက် အချင်း ၁၀ပေရှိ သံမဏိပိုက်လိုင်းဖြင့် သီးသန့်ရေထုတ်ပေးမှာဖြစ်ကြောင်း၊ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၇၁ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း" ရှင်းလင်းပြောကြားသည်။

တပ်ဆင်

ရေအားလျှပ်စစ် ဘက်စုံအတွက် ဖိအားမြှင့် သံမဏိပိုက်လုံးကြီးများ တပ်ဆင်နေသည့်မြင်ကွင်း....။

သက်သေပြု

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အားအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေ ရန် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည်လည်း စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးရေရရှိရေးအပြင် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်စွမ်းအားကို ဖြည့်ဆည်းပေးမည့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးကဏ္ဍကိုပါ ပူးတွဲထမ်းဆောင်ပေးလျက်ရှိပေသည်။ နွေစပါး သီးထပ်သီးညှပ်စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုပြီး ရေအားလျှပ်စစ်ပါ ထုတ်လုပ်နိုင်မည့် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ အကြီးစားရေလှောင်တမံ ဘက်စုံ စီမံကိန်းကား နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုအဖြစ် ညွှန်းဆိုသက်သေပြုနေပြီဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

စိုက်ပျိုးရေ ပေးဝေ

မုန်းချောင်းကို ယာယီပိတ်ထားပြီး ရေလွှဲမြောင်းတူးဖော်ကာ လယ်မြေများသို့ ဤသို့ စိုက်ပျိုးရေ ပေးဝေနေလျက်ရှိသည်။

ပေးအပ်ချီးမြှင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့သွားပြီ

နေပြည်တော် ဩဂုတ် ၆

ယနေ့မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် ထူးချွန်ဆုရ ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ၊ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှေးဦးစွာ ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ မောင်စိုးလွင်ထွန်း၊ မောင်ထွန်းအောင်လင်း၊ မတိုးတိုးခိုင်၊ မခိုင်နေဝင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ မောင်နေအောင်ဝင်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်က နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ငါးဘာသာဂုဏ်ထူးရရှိသူနှစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးတို့အား လည်းကောင်း၊ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ငါးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦးနှင့် လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးတို့အားလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက လေးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦးတို့အားလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက သုံးဘာသာဂုဏ်ထူးရရှိသူ ရှစ်ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုးလွင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထွက်ပေါ်ခဲ့

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီတို့မှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသားကျောင်းသူ ၂၄၆ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၆ဦး ထွက်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု လက်တွေ့သင်တန်းများအကြောင်း ရှင်းလင်း

ရန်ကုန် ဩဂုတ် ၆

Ability Software Services Co.,Ltd.က စီစဉ်ပြီး Cyber Sky Computer Training Center ၌ ဖွင့်လှစ်မည့် ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု လက်တွေ့သင်တန်းများအကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ် ၅ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star Hotel ၌ ကျင်းပရာ ဘဏ်အရာရှိများနှင့် စာနယ်ဇင်းဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ပြန်လည်ဖြေကြား

ရှေးဦးစွာ Ability Software Services Co.,Ltd. မှ တာဝန်ရှိသူ ဆရာဦးသိန်းဆွေက အဆိုပါ သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး စာနယ်ဇင်းများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

သင်တန်းအနေဖြင့် Level(1) Daily Banking Operation Level (2) Bank Accounts Management Course ဟူ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် Level(1) Daily Banking Operation တွင် ဘဏ်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်ရန် ရည်ရွယ်ထားသူများ အခြေခံကျကျ သိထားသင့်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ အင်္ဂလိပ်အခေါ်အဝေါ်များ၊ Usage များ၊ Terms များ ပြောဆိုမှုများ ပါဝင်သည့် English for Banking, စာရင်းကိုင် ပညာရပ်ကိုပါ သိထားရန်အတွက် Accounting Basic နှင့် ဘဏ်၏ Daily Operation များတွင် ပါဝင်သည့် Vouchering, Daybook, Transfer Scroll, Rough Sheet, Bank Cash Scroll, Clean Cash, Trial Balance ရေးဆွဲခြင်းများအပြင် Savings Interest, OD Interest, Loan Interest,Time Deposit Interest, Returns of General Ledger Balance, Income & Expenditure Statement, Balance Sheet များကိုပါ စာတွေ့လက်တွေ့ (Manual) ဆောင်ရွက်ရမည်ဖြစ်ပြီး Computerized စနစ်၏ ကွာခြားချက်များ၊ အားသာချက်များကို သတိပြုနိုင်ရန် Computerized Banking System ကိုပါ လေ့လာခွင့်ရရှိမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ သင်တန်းသို့ အနည်းဆုံး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး အလုပ်ရရှိရန်လည်း ကူညီလွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ သုံးလစီ ကြာမည်ဖြစ်ကြောင်း သိရပြီး အသေးစိတ်သိလိုပါက Cyber Sky Computer Training Center အမှတ် (၈၉) အနော်ရထာလမ်း (ဆိပ်ကမ်းသာလမ်းထောင့်) ရန်ကုန်မြို့ ဖုန်း-၃၈၈၈၀၈နှင့် ၀၉-၅၀-၇၂၃၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေကျွန်းလှ မော်တော်ယာဉ်လိုင်းသစ် ကျွန်းလှမြို့၌ဖွင့်

ကျွန်းလှ ဩဂုတ် ၆

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့၌ ကျွန်းလှ-ကောလင်း၊ ကျွန်းလှ-ငါးဘတ်အိုင် မော်တော်ယာဉ်လိုင်းသစ် ဖွင့်ပွဲကို ဇွန် ၁၂ရက် နံနက်က ဘူတာရုံရှေ့ ကားလိုင်းဂိတ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဦးနှင့် ရွှေကျွန်းလှ မော်တော်ယာဉ်လိုင်းဥက္ကဋ္ဌ ဦးတင်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **နှောင်ဖွဲ့မမြင်သံယောဇဉ်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (MDG Co.,Ltd. ၏ Loyalty Customer များအား ကျေးဇူးတုံ့ပြန်မှု အစီအစဉ်)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၀)
- ၈:၄၀ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၆) ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ ထွန်းအိန္ဒြာဗို
- ၉:၂၀ Activities in the City (MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ)
- ၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဇော**
- ၁၁:၀၅ များလူဝေနေ ကုသိုလ်ယူ ပန်းတဉ်းတန်း၏ ရွှေစင်အလှူ
- ၁၁:၂၀ Parkway Health ၏ ကင်ဆာရောဂါများအကြောင်း သိကောင်းစရာများ (ဓာတ်ရောင်ခြည်ကုထုံးများနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်း)
- ၁၁:၅၀ Hip Hop Acoustics ကြိုတင်ပြင်ဆင်နေမှုများ
- ၁၂:၀၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၁၂:၂၀ သီးနှံစိုက်ပျိုးအထွက်တိုး **စပါးပေါင်းပင်**
- ၁၂:၃၀ ဒွါရာဝတီ၏ အနုပညာ.... ဝါးရက်ကန်းလက်ရာ
- ၁၂:၄၅ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
- ၁:၀၀ **နှောင်ဖွဲ့မမြင်သံယောဇဉ်** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၂:၀၀ MRTV-4သတင်း
- ၂:၄၅ Talent Show (နားဆင်ခံစား ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဂီတသံစဉ်များ)
- ၃:၁၅ များလူဝေနေ ကုသိုလ်ယူ ပန်းတဉ်းတန်း၏ ရွှေစင်အလှူ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၀)
- ၄:၁၅ Activities in the City (MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ)
- ၄:၃၅ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာ ခင်သိန်းဦး၊ တင်မိုးလွင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မေသူ)
- ၅:၀၅ Hip Hop Acoustics ကြိုတင်ပြင်ဆင်နေမှုများ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-မေခလာ)
- ၆:၄၀ သွားမယ် စားမယ် (H_2O)
- ၇:၀၀ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲ (အပိုင်း-၇) (ဇော်ဝင်းထွဋ်)
- ၇:၄၀ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့မတိုင်မီ ကြိုတင်ပြင်ဆင်မှုများနှင့် KBZ F.C
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၉:၀၀ သွားမယ် စားမယ် (H_2O)
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (MDG Co.,Ltd. ၏ Loyalty Customer များအား ကျေးဇူးတုံ့ပြန်မှုအစီစဉ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၀)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဇော**
- ၁၀:၂၀ Sports World
- ၁၀:၄၅ Parkway Health ၏ ကင်ဆာရောဂါများအကြောင်း သိကောင်းစရာများ (ဓာတ်ရောင်ခြည်ကုထုံးများနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်း)
- ၁၁:၁၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-မေခလာ)
- ၁၁:၃၀ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့မတိုင်မီ ကြိုတင်ပြင်ဆင်မှုများနှင့် KBZ F.C
- ၁၁:၄၅ Talent Show (နားဆင်ခံစား ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဂီတသံစဉ်များ)
- ၁၂:၀၅ မြေလတ်ဒေသ၏ လက်ဆောင်
- ၁၂:၁၅ စီးဆင်းပါစေမေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
- ၁၂:၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၆

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှ စ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဩဂုတ် ၆ရက်တွင် ခေတ်သစ်ပြည်သူ့ပါတီ Modern People Party နှင့် အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၀)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၃)ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အမှာစကား ပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုတွင် ပထမဆုရ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၊ ဒုတိယဆုရ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် တတိယဆုရ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းက အထူးဆုရရှိကြသော ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၈-၂၀၁၀

လောင်းလုံးမြို့	၃ဒသမ	၁၁လက်မ
ထားဝယ်မြို့	၂ဒသမ	၈၀လက်မ
ရေးမြို့	၁ဒသမ	၉၃လက်မ
မိုင်းဆတ်မြို့	၁ဒသမ	၇၃လက်မ
မြစ်ကြီးနားမြို့	၁ဒသမ	၅၄လက်မ

မုတ်သုံလေ အားအသင့်အတင့်ရှိနိုင်

နေပြည်တော် ဩဂုတ် ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၇ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ်လ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် ရန်ကုန်တိုင်းတို့တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် ဇူလိုင် ၂၆ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး စသည်ဖြင့်မှာကြားကာ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင်၂၇ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၁) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ရောက်ရှိပြီး ပြည်ထောင်စု စိတ်ဓာတ်ခန်းမ၊ ကျောင်းသား အိပ်ဆောင်များနှင့် စိုက်ခင်းများကိုလည်းကောင်း၊ အမှတ် (၂) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒေါ့ဖုန်းယန်မြို့ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးအဖွဲ့ခွဲရုံးနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗန်းမော်မြို့သို့ ရောက်ရှိပြီး အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သင်တန်းသူများ သင်ကြားလေ့ကျင့်နေမှုနှင့် စားရိပ်သာ၊ ကျောင်းစိုက်ခင်းတို့ကိုလည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ညနေပိုင်းတွင် ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဗန်းမော်)၌ ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၂၈ရက် နံနက်ပိုင်းတွင် မိုးမောက်မြို့နယ် တာလီအခြေခံပညာ မူလတန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ကျောင်းသား ကျောင်းသူ ၇၈ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝိုင်းမော်မြို့နယ် အင်ပေါန် အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူ ၈၆ဦးနှင့် ဆရာ ဆရာမ ခြောက်ဦး စုစုပေါင်း ၉၂ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံများနှင့် နာရီတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ (ဝဲပုံ) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အဆိုပြိုင်ပွဲ
၈:၁၀ ၈။ တေးဂီတအစီအစဉ်
၈:၂၅ ၉။ **နှစ်သက်ဖွယ်ရာ ပရိဘောဂ လုပ်တဲ့ မြန်မာ့သစ်မာ**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Local Talent
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၅။ Yan Can Cook
၁၃:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၃၁)
၁၄:၃၀ ၇။ **နှစ်စဉ်နွဲပျော် ဝါဆိုခြင်းပွဲတော်**
၁၄:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၅၀ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၃၀ ၄။ အဆိုပြိုင်ပွဲ
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ **ကြို့ဆိုလျက်ပါ**
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၂၅ ၉။ International Science News
၅:၃၀ ၁၀။ ချစ်စရာ့အရွယ် ကစားကြမယ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (သရုပ်ဆောင်-မယ်လိုဒီ) (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ငါတို့ခွန်အား** (မျိုးကြီး၊ တေးရေး-လင်းလင်း)
၂၀။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၈)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံး မြေဆုံး** (အပိုင်း-၉)
၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
၂၃။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းကျန်းမာရေးထူးချွန်ဆုရ ကျောင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းခန်းမ၌ကျင်းပရာ မူလတန်းအဆင့် ကျောင်းကျန်းမာရေး ဘက်စုံစံပြဆုရ အမက(၁၀) ကျောင်းအုပ်ဆရာမကြီးအား မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်အေးရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ

ဒေါက်တာ နီနီအေး

ကျန်းမာရေးဝန်ကြီးဌာနက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာမှာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကိုလည်း အမျိုးသားရေးအသွင်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဆိုတာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး လေးမျိုးကြောင့်ဖြစ်ပြီး ရောဂါပိုးသယ်ဆောင်ထားတဲ့ ခြင်ကျား၊ ခြင်ပုန်းလို့ခေါ်တဲ့ အေးဒီး(စ်)ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်ခံရတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုမှုစနစ်ကို နိုင်ငံအတွင်း ရောဂါမဖြစ်ပွားခင် ၁၉၆၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၅ခုနှစ်ကျမှ ရန်ကုန်မြို့မှာ သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားခဲ့ပါတယ်။ ၁၉၇၀ပြည့်နှစ်မှာတော့ ရန်ကုန်မြို့မှာ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့ပြီး လူဦးရေ ၁၆၅၄ ဦး ဖြစ်ပွားခဲ့ကာ ၉၁ ဦး သေဆုံးခဲ့ပါတယ်။ ၁၉၉၄ခုနှစ်မှာတစ်ကြိမ် ကပ်ရောဂါအသွင် ထပ်မံဖြစ်ပွားခဲ့ပြီး ၄၄၄ဦး သေဆုံးခဲ့ပါတယ်။ ၂၀၀၈ခုနှစ်မှစပြီး ချင်းပြည်နယ်ကလွဲလို့ ပြည်နယ်/တိုင်း အသီးသီးမှာ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုရှိနေပြီဖြစ်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ တစ်ကြိမ်ဖြစ်ပြီးရင် နောက်ထပ်လည်း ဖြစ်နိုင်ပါတယ်။ ပထမတစ်ကြိမ်ဖြစ်ပြီးရင် နောက်တစ်ကြိမ်မှာ ပိုပြီးပြင်းထန်တတ်ပါတယ်။ များသောအားဖြင့် အသက်(၁၅)နှစ်အောက် ကလေးတွေမှာ ဖြစ်ပေမယ့် အခုနှစ်တွေမှာ (၁၅)နှစ်အထက် လူငယ်/လူကြီးတွေမှာလည်း ဖြစ်လာပါတယ်။ အရင်ကမြို့ကြီးတွေမှာပဲ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များသော်လည်း အခုဆိုရင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး မြို့ပြဆန်လာတဲ့ ကျေးရွာတွေရော၊ သာမန်ကျေးရွာတွေမှာပါ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များလာပါတယ်။ ဒါကြောင့် သွေးလွန်တုပ်ကွေးဟာ ဆင်းရဲ၊ ချမ်းသာမရွေး၊ မြို့/ရွာမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်ကြီး ငယ်မရွေး၊ ကျား/မ မရွေး ဖြစ်ပွားမှုရှိလာပါတယ်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိတာကို တွေ့ရှိနိုင်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဟာ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး မိုးရာသီမှာ အဖြစ်များတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ အခုနှစ်တွေမှာ တစ်နှစ်ပတ်လုံး ကူးစက်မှုရှိလာပြီး နှစ်နှစ်မှ သုံးနှစ်အတွင်းမှာ တစ်ကြိမ်ထူးကဲစွာ ဖြစ်ပွားမှုရှိတတ်ပါတယ်။ အခုနှစ်တွေမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ စတဲ့နိုင်ငံတွေမှာလည်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများလာတယ်ဆိုတာ ၂၀၁၀ခုနှစ် ဇွန်လက ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ ဒေသဆိုင်ရာ သွေးလွန်တုပ်ကွေး အစည်းအဝေးမှာ ရရှိတဲ့စာရင်းဇယားများအရ သိရှိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ပေးပို့ခဲ့တဲ့ စာရင်းဇယားတွေအရ အရှေ့တောင်အာရှနိုင်ငံတွေမှာ ဆယ်စုနှစ်များအလိုက် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များပြားလာတာကို သတိပြုမိပါတယ်။ မြန်မာနိုင်ငံမှာလည်း ဆယ်စုနှစ်များအလိုက် များပြားလာတာကို တွေ့ရှိရပါတယ်။ ဒီလိုဖြစ်ပွားမှု များလာရတဲ့အကြောင်းရင်းတွေကတော့ ရာသီဥတု ပူနွေးလာမှုကြောင့် အေးဒီး(စ်)ခြင်သာမက ခြင်အမျိုးမျိုးပေါက်ပွားမှုမြန်လာတယ်။ ခြင်ကိုက်နှုန်းတွေများလာတယ်။ တစ်နေရာနှင့် တစ်နေရာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာတဲ့အတွက် ကူးစက်ရောဂါ၏ သဘောသဘာဝအရ ကူးစက်ပျံ့နှံ့မှုတွေ များလာတဲ့အတွက် ဖြစ်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဟာ ရောဂါပိုးသယ်ဆောင်ထားတဲ့ ခြင်ပုန်း၊ ခြင်ကျားကိုက်ခြင်းကြောင့် ကူးစက်ခံရပြီး ရုတ်တရက် ဖျားတတ်ပါတယ်။ နှစ်ရက်မှ ခုနစ်ရက်ခန့်ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိနောက်တွင် နာကျင်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း စသည့် လက္ခဏာတွေကတော့ သာမန် သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာတွေဖြစ်ပါတယ်။ ဖျားနေရာကနေ ရုတ်တရက်အဖျားကျပြီး ခြေဖျား၊ လက်ဖျားအေးစက်လာမယ်။ မှိန်းနေမယ်ဆိုရင် သွေးလန့်တဲ့ လက္ခဏာဖြစ်လို့ လူနာအတွက် အသက်အန္တရာယ်ရှိနိုင်တဲ့အတွက် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ရမှာ ဖြစ်ပါတယ်။ ဖျားနေရင်း သွေးယိုစီးတဲ့ လက္ခဏာဖြစ်တဲ့ အရေပြားပေါ်မှာ အနီစက်ကလေးများ ထွက်ခြင်း၊ သွားဖုံးမှ သွေးယိုစီးခြင်း၊ အန်တဲ့အခါ အဖြူရောင်အရည်တွေထဲမှာ ကော်ဖီအဖတ်တွေလို အညိုရောင်အမျှင်များ၊ အဖတ်ကလေးများ ပါလာခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း စသည်တို့ဖြစ်ခဲ့ရင် ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ကုသခံဖို့ လိုအပ်ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်တဲ့ ခြင်ကျား၊ ခြင်ပုန်းလို့ခေါ်တဲ့ အေးဒီး(စ်)ခြင်ဟာ ရေကြည်၊ ရေသန့်မှာပဲပေါက်တဲ့ အလေ့အထရှိတာမို့ အိမ်တွင်း၊ အိမ်ပြင်မှာ ရေဝပ်နေတဲ့နေရာ၊ ရေကြည်၊ ရေသန့် ထည့်ထားတဲ့ ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ လုံလုံခြုံခြုံ မဖုံးထားတဲ့ရေပုံး၊ ရေအိုး၊ ရေကန်၊ အိမ်ပြင်မှာ စွန့်ပစ်ထားတဲ့မိုးရေတင်ကျန်နိုင်တဲ့ ဘူးခွံများ၊ ပုံးခွံ၊ အိုးခြမ်းပဲ့၊ အုန်းမှုတ်ခွက်၊ ကားတာယာ၊ ဆိုင်ကယ်တာယာအတွင်း ဝပ်နေတဲ့ရေထဲမှာ အေးဒီး(စ်)ခြင်ရဲ့ ပိုးလောက်လမ်းတွေကို တွေ့နိုင်ပါတယ်။ ခြင်တွေရဲ့ သဘာဝကတော့ ရာသီဥတု ပူအိုက်စွတ်စိုပြီး အပူချိန်မြင့်တဲ့အခါမှာ ပေါက်ပွားမှုမြန်ပြီး ရောဂါကူးစက်မှုကို ပိုမိုဖြစ်ပွားစေပါတယ်။ ယခုအခါမှာ ရာသီဥတုပြောင်းလဲလာတယ်။ ကမ္ဘာကြီးပူနွေးလာတဲ့အတွက် ခြင်တွေပေါက်ပွားနိုင်တဲ့ အခြေအနေကောင်းတွေကို ဖန်တီးနေပါတယ်။

မြန်မာနိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို နည်းဗျူဟာများချမှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများ (ဖုံး၊ သွန်၊ လဲ၊ စစ်) ဆောင်ရွက်ခြင်းကို ပြည်သူလူထုအနေနဲ့ မိမိတို့ အိမ်တွင်း၊ အိမ်ပြင်နဲ့အိမ်ပတ်ဝန်းကျင်တွေတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်ပါမှ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကို လျော့နည်းစေနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးဌာနကလည်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားမီ အေးဒီး(စ်)ခြင်ပုန်း၊ ခြင်ကျားများရဲ့ ပိုးလောက်လမ်းများတွေ့ရှိမှုနှုန်းများသော ကျေးရွာ/ရပ်ကွက်တွေမှာ ပိုးလောက်လမ်းကိုသေစေတဲ့ဆေး (Abate) ဆေးခတ်ခြင်းကို မသွန်နိုင်၊ မလှယ်နိုင်သော ရေကန်၊ ရေအိုး၊ ရေစည်တွေမှာ ထည့်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်းတွေကို လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ Abate ဆေးဟာ ပိုးလောက်လမ်းများကိုသာ သေစေနိုင်ပြီး လူကိုအန္တရာယ်မဖြစ်စေတဲ့အတွက် အဲဒီရေတွေကို သောက်ရေ၊ သုံးရေအဖြစ် သုံးစွဲနိုင်ပါတယ်။ သွေးလွန်တုပ်ကွေးလူနာဖြစ်ပွားခဲ့ရင် ကျန်းမာရေးဝန်ထမ်းတွေက လူနာအိမ်နဲ့ ကိုက် ၃၀၀အတွင်း ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ကူညီပံ့ပိုးမှုနဲ့ ပြည်သူလူထုရဲ့ ပူးပေါင်းကူညီမှုနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မူကြိုကျောင်းတွေနဲ့ စာသင်ကျောင်းတွေမှာ ခြင်ဆေးမှုတ်ခြင်း၊ ခန်းဆီးများကို ဆေးစိမ်ပေးခြင်း၊ ကျောင်းတွေမှာ ကျန်းမာရေးပညာပေးခြင်း၊ ခြင်ကျားကင်းဝေးရေးကျောင်းများ ထူထောင်ခြင်း စတဲ့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုသွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရာမှာ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ မြို့တော်စည်ပင်နှင့် နယ်စပ်စည်ပင်မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကြောင့် တစ်နိုင်ငံလုံးမှာ ၂၀၀၉ခုနှစ် ပထမခြောက်လပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၉၂၆ဦး၊ သေဆုံးသူ ၇၆ဦး၊ သေဆုံးမှုရာခိုင်နှုန်း ၀ ဒသမ၉၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ခုနှစ် ပထမခြောက်လပတ်တွင် ရောဂါဖြစ်ပွားသူ ၅၅၂၅ဦး၊ သေဆုံးသူ ၃၆ဦး၊ သေဆုံးမှုရာခိုင်နှုန်း ၀ ဒသမ ၆၅ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရပါတယ်။ ဒါပေမယ့် အခုနှစ်မှာ ပြည်နယ်/တိုင်းအချို့ရှိ မြို့နယ်တွေမှာ မနှစ်ကထက် ဖြစ်ပွားမှုများနေကြောင်း တွေ့ရှိရတဲ့အတွက် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုအပေါင်း သွေးလွန်တုပ်ကွေးရောဂါမှ ကင်းဝေးစေရန်အတွက် ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားတဲ့ အောက်ပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို တိကျစွာလိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်၊ ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှ ရေကို နေ့စဉ် လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ပေးပါ။)

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များ မပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အိန္ဒိယဇာတ်ကားသစ် RAAVAN ရုံဝင်လာ

ရန်ကုန် ဩဂုတ် ၆

ယခု သောကြာပတ်တွင် အိန္ဒိယဇာတ်ကားသစ် RAAVAN မှာ ရွှေ့ဆောင်ရုံတွင် ရုံဝင်လာသည်။

အမှုပေါင်းစုံဖြင့် ရဲတပ်ဖွဲ့က အလိုရှိနေသော နာမည်ကြီးလူဆိုး Veera ကို ဖမ်းမိရေးကြိုးစားကြရာက Veera ကလည်း အမျိုးမျိုးသော နည်းပေါင်းစုံဖြင့် ရှောင်တိမ်းရင်း RAAVAN ဒသဂီရိ ဟူသော နာမည်တွင်လာသည်။

လက်စားချေ

Veera အား လက်ရဖမ်းမိရန် အသည်းအသန်ကြိုးစားနေသော ရဲအရာရှိ Dev ၏ ဇနီးကို Veera က ဓားစာခံခေါ်သွားပြီး လက်စားချေသည့်အနေဖြင့် သတ်ပစ်မည့်အချိန်တွင် Dev နှင့် Veera တို့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းကြပုံများကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသော အချစ်အက်ရှင်ဇာတ်ကား ဖြစ်သည်။

ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်၏ **ဟတ်ထိတယ်** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေပြီး တတိယပတ်မြောက် အောင်ပွဲခံနေဆဲဖြစ်သည်။ နေပြည်တော်ရုံတွင် ပြီးခဲ့သည့် သောကြာပတ်ကမှ ရုံဝင်လာသော The A Team အက်ရှင်ဇာတ်ကား ပြသနေဆဲဖြစ်သည်။

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

နတ်ဖက်တဲ့စုံတွဲများ ဇာတ်ကားမှာ မြို့လယ် ဝဇီရာ (၁)၊ ဝဇီရာ(၂) လှိုင်သာယာ၊ မြရတနာ၊ ရွှေရတနာရုံများတွင် ဆက်လက်တင်ဆက်လျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ဟတ်ထိတယ်ဇာတ်ကားမှ သူထူးစံ၏ မိန်းမမာယာနှင့် အိန္ဒြာကျော်ဇင်၏ ကျားမာယာ မြင်တွေ့ရစဉ်။

ကြီးကြပ်ဆောင်ရွက်

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် စည်ပင်(၂)လမ်းရှိ ရေနုတ်မြောင်း ဆယ်ယူခြင်းကို ဇူလိုင်၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဩဂုတ်လအတွက်

(၈-၈-၂၀၁၀)ရက်နေ့ နှင့်

(၂၉-၈-၂၀၁၀)ရက်နေ့

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတကာသဘာဝဘေး နိုင်ငံတကာသဘာဝဘေး နိုင်ငံတကာသဘာဝဘေး နိုင်ငံတကာသဘာဝဘေး

ရုရှားနိုင်ငံအလယ်ပိုင်းက ကြောက်မက်ဖွယ်ရာ တောမီး

မြင့်မောင်စိုး - စုစည်းသည် ■ စာမျက်နှာဖွဲ့စည်းမှု - အေးအေးလွင်(မြန်မာ့အလင်း)

မော်စကို ဩဂုတ် ၆

ရုရှားနိုင်ငံအလယ်ပိုင်းမှာ လွန်ခဲ့သောသီတင်းပတ်က အပူလှိုင်းကျရောက်ပြီး တောမီးများ အကြီးအကျယ် လောင်ကျွမ်းခဲ့မှုကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးလျက်ရှိသည်။ အဆိုပါ တောမီးကြီးမှာ လွန်ခဲ့သည့်ရက်များက ရုရှားနိုင်ငံအလယ်ပိုင်းဒေသ ၁၄ခု၌ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ထောင်ပေါင်းများစွာသော ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ ဩဂုတ် ၆ရက်အထိ သေဆုံးသူ ၅၀ရှိသွားပြီဖြစ်ကြောင်း ရုရှားအစိုးရ၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မော်စကိုမြို့တောင်ဘက်တွင် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်ရန် လေယာဉ်ဖြင့် မီးငြိမ်းသတ်နေသည်ကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပျက်စီး

ယင်းတောမီးကြီးသည် လွန်ခဲ့သည့် ဩဂုတ် ၄ရက်က မော်စကိုမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၁၀၀ အကွာ ကိုလွန်နာအရပ်ရှိ ရေတပ်စခန်းကို လောင်ကျွမ်းခဲ့ကြောင်း၊ ရုံးအဆောက်အအုံများနှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ မီးဘေးသင့် ပျက်စီးသွားကြောင်း သိရသည်။ ထို့အပြင် ဤတောမီးလောင်ကျွမ်းမှုကြောင့် ရုရှားနိုင်ငံ၏ သီးနှံစိုက်ဧက ငါးပုံတစ်ပုံ ပျက်စီးသွားပြီဖြစ်ကြောင်းလည်း သိရသည်။

ထပ်မံကူးစက်

ဤတောမီးလောင်ကျွမ်းမှုမှာ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဩဂုတ် ၆ရက်အထိ နေရာ ၅၂၀တွင် သစ်တောဟက်တာ ၁၈၈၅၂၆၈ ကို မီးလောင်နေလျက်ရှိကြောင်း၊ လွန်ခဲ့သော ၂၄ နာရီအတွင်း မီးအသစ် ထပ်မံကူးစက်ခံရ သည့်နေရာ ၄၀၃နေရာရှိရာ ၂၉၃နေရာကို မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

မော်စကိုမြို့အရှေ့တောင်ဘက် ၈၄မိုင်အကွာ လွတ်ဟိုဗစ်စီမြို့အနီး တောမီး လောင်ကျွမ်းမှုကြောင့် ပျက်စီးနေသော နေအိမ်နှင့် ကားတစ်စီးကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြောင်းရွှေ့

ထိုတောမီးလောင်ကျွမ်းမှုကြောင့် မြို့တော်မော်စကိုတွင် မီးခိုးမှိုင်းများ လွှင့်ပျံတက်နေသည်မှာ ရက်အတန်ကြာပြီဖြစ်ကြောင်း၊ လေထုမှာ ပုံမှန်ထက် ၁၀ဆ ညစ်ညမ်းနေကြောင်း၊ အပူချိန်မှာ ၁၀၄ ဖာရင်ဟိုက်အထိ မြင့်တက်လာကြောင်း၊ မော်စကိုမြို့ အရှေ့ဘက်နှင့် တောင်ဘက်တို့၌ တောမီးများ အကြီးအကျယ်လောင်နေကြောင်း၊ ပြည်သူအများစုမှာ နှာခေါင်းစည်းများ စည်းထားရကြောင်း၊ မီးလောင်ပြင်နှင့်နီးသည့် နွေရာသီ အပန်းဖြေစခန်းများမှ ကလေးများကိုလည်း ဘေးကင်းရာသို့ ပြောင်းရွှေ့ထားရကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပိုမိုဆိုးရွား

ရုရှားနိုင်ငံတွင် လောင်ကျွမ်းလျက်ရှိသော တောမီးအများစုမှာ လူတို့၏ ပေါ့ဆမှုကြောင့်ပင် ဖြစ်ရကြောင်း၊ မီးလောင်မှုဖြစ်ပွားနေစဉ် လူအများစုမှာ မိမိနှင့်မဆိုင်သလို လျစ်လျူရှုနေခဲ့ကြကြောင်း၊ ယင်းအတွက် ပိုမိုဆိုးရွားလာကြောင်း အရေးပေါ် ကယ်ဆယ်ရေးဝန်ကြီး မစ္စတာရှိုးဂုက ပြောကြားသည်။

အပူချိန်မြင့်တက်

ဇူလိုင်လအတွင်းကလည်း အီတလီနိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင်လည်း အပူချိန်မြင့်တက်မှုကြောင့် တောမီးများ လောင်ကျွမ်းခဲ့ကြောင်း၊ သစ်တော ဟက်တာ ၇၀၀၀ နီးပါး ပျက်စီးခဲ့ ကြောင်း သိရသည်။ အလားတူ ဘရာဇီး နိုင်ငံ အမေဇုန်တောတွင်လည်း မကြာမီ က အပူချိန်မြင့်တက်ရာမှ တောမီး လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ကြိုးပမ်း

ယခုအခါ ရုရှား၌ ကြောက်မက်ဖွယ် တောမီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ပါဝင်သည့် ပြည်သူ ၁၅၅၀၀၀ တို့က မြေပြင်မှတစ်ဖုံ၊ ဝေဟင်မှတစ်သွယ် နည်းမျိုးစုံသုံးလျက် အလုံးစုံ မီးငြိမ်းရေး ကြိုးပမ်းလျက်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဆောင်ရွက်

ယင်းတောမီးကြီးသည် ကြောက်မက်ဖွယ်ကောင်းအောင် လောင်ကျွမ်းနေသဖြင့် ရုရှားသမ္မတ မက်ဗီဒက်ဗ်က ဒေသခုနစ်ခုကို အရေးပေါ်အခြေအနေ ကြေညာထားသည်။ ဤသို့ ကြေညာလိုက်စဉ်မှာပင် ထိုဒေသများ၌ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးငြိမ်းသတ်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြောင်း သိရသည်။

ငြိမ်းသတ်

အဆိုပါ တောမီးလောင်ကျွမ်းမှုမှာ အလွန်အားကောင်းလာပြီး မြို့တော်မော်စကိုအနီး ရောက်သည့်တိုင်အောင် တဟုန်းဟုန်း လောင်မြိုက်နေသည်ဆို၏။ ဩဂုတ်၄ရက်တွင် မော်စကိုမြို့အရှေ့ ဘက် ဆာရော့ဗ်အရပ်ရှိ နျူကလီးယား သုတေသန အဆောက်အအုံနေရာအနီး၌ မီးသတ်တပ်ဖွဲ့ဝင်များက မီးမကူးစက်ရေး နည်းမျိုးစုံသုံးပြီး ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

ပြောကြား

နျူကလီးယား ပစ္စည်းအားလုံးကို မော်စကိုမြို့အရှေ့ဘက် မိုင်၂၅၀အကွာ နေရာသို့ ပြောင်းရွှေ့ထားပြီးဖြစ်ကြောင်း၊ ပေါက်ကွဲစေသည့်အရာများနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများ အားလုံးလည်း ပြောင်းရွှေ့ထားကြောင်း ရုရှား နျူကလီးယားအေဂျင်စီအကြီးအကဲ ဆာဂျီကီရီယန်ကိုက သမ္မတမက်ဗီဒက်ဗ်နှင့် အရေးပေါ်အစည်းအဝေး၌ တွေ့ဆုံစဉ် ပြောကြားသည်။

ပြည်သူတို့အနေဖြင့် နျူကလီးယားဘေးအန္တရာယ်အတွက် ထိတ်လန့်စိုးရိမ်စရာမလိုကြောင်း၊ ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း ဆာဂျီကီရီယန်ကိုက ဆက်လက်ပြောကြားသည်။

မော်စကိုမြို့ အရှေ့တောင်ဘက် ၁၁၁မိုင်အကွာရှိ ရိုင်ယာဇန်ဒေသ၌ တောမီး လောင်ကျွမ်းနေမှုကို မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ငြိမ်းသတ်နေစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ

မိုးမြင့်လင်းလက် - စုစည်းရေးသားသည်

ဟောလိဝုဒ်၌ ဝင်ငွေအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်များ

ပေကျင်း ဩဂုတ် ၆

အာရှနှင့် ဥရောပတို့၏ ယဉ်ကျေးမှုနှင့် အနုပညာတို့က ကွဲပြားသည်။ ထို့အတူ အနုပညာကို ဖော်ထုတ်ပြသမှုအပိုင်းတွင်လည်း မတူညီချေ။ သို့သော် သရုပ်ဆောင်မှုအပိုင်း၌ ပီပြင်ကြသည်။ အာရှသားတို့အနေဖြင့် အနောက်တိုင်းသားတို့၏ သရုပ်ဆောင်မှုကိုသာ နမူနာယူပြီး ၄င်းတို့၏ ဝတ်စားဆင်ယင်မှု၊ နေမှုထိုင်မှု ပုံစံကို နမူနာမယူသင့်ချေ။ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ်သာဖြစ်သည်။ ယခု လူအများနှတ်ဖျားတွင် သရုပ်ဆောင်မှုအပိုင်း၌ ရေပန်းစားနေသည့် ဟောလိဝုဒ်ရုပ်ရှင်လောကမှ မင်းသမီးများအနက် ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ဇွန်လအတွင်း ဝင်ငွေအကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင် ၁၀ဦးကို ဖောဘတ်မဂ္ဂဇင်းက ရွေးချယ်ဖော်ပြခဲ့သည်။ ၄င်းတို့အနက် အချို့ကို ဖော်ပြရပါလျှင်-

ဆန်ဒရာဘူးလ်လော့ခ်

အမည်ရင်းမှာ ဆန်ဒရာအန်နက်တီဘူးလ်လော့ခ် ဖြစ်သည်။ အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဘာလင်တန်မြို့၌ ၁၉၆၄ခုနှစ် ဇူလိုင် ၂၆ရက်၌ မွေးဖွားခဲ့သည်။ ၁၉၉၄ခုနှစ်က Speed ရုပ်ရှင်ဖြင့် အောင်မြင်ကျော်ကြားခဲ့သူဖြစ်ပြီး ဆံပင်အညိုရောင်၊ မျက်လုံးအညိုရောင်တို့ဖြင့် ထူးခြားစွာ ဆွဲဆောင်မှုရှိသူဖြစ်သည်။ အရှေ့ကာရိုလိုင်းနားတက္ကသိုလ်မှ ဒရာမာအဓိကဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သူလည်းဖြစ်သည်။ ဆိုင်ကယ်ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဂျက်ဆီဂျိမ်းနှင့် လက်ထပ်ခဲ့ပြီး သားတစ်ဦး၊ သမီးနှစ်ဦးရှိသည်။ ၂၀၁၀ခုနှစ်၌ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု ရရှိခဲ့သူဖြစ်ပြီး ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ခုနှစ် ဇွန်လအထိ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆သန်း ရရှိခဲ့သည်။ ဟောလိဝုဒ်၌ ဝင်ငွေအကောင်းဆုံး သရုပ်ဆောင်အမျိုးသမီးဖြစ်သည်။

ဝီသာစပွန်း

ဟောလိဝုဒ်၌ ဒုတိယဝင်ငွေအကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သည်။ အမေရိကန်နိုင်ငံ နယူးအော်လန်းစ်မြို့၌ ၁၉၇၆ခုနှစ် မတ် ၂၂ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ ၂၀၀၈ခုနှစ်၌ လူကြိုက်အများဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့သည်။ ထို့အပြင် ၂၀၀၆ခုနှစ်၌ ရုပ်ရှင်ရွှေကမ္ဘာလုံးဆုနှင့် အကောင်းဆုံးသရုပ်ဆောင်ဆုများ ရရှိခဲ့သည်။ နာမည်ကြီး **How Do You Know** အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။ ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ ဇွန်လအထိ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂သန်းကျော် ရရှိထားရာ ဟောလိဝုဒ်၌ ဒုတိယမြောက် ဝင်ငွေ အကောင်းဆုံးဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ ဖောင်ပိတ်သတင်း

ကောင်းမြတ်သူ - စုစည်းရေးသားသည်

ကက်ရှ်မီးယားဒေသ၌ ရုတ်တရက်ရေကြီး ၁၀၃ဦးသေဆုံးပြီး ၃၇၀ထိခိုက်ဒဏ်ရာရ

ဆရီနာဂါ(အိန္ဒိယ) ဩဂုတ် ၆

အိန္ဒိယထိန်းချုပ်နယ်မြေ ကက်ရှ်မီးယားဒေသ၌ ဩဂုတ် ၆ရက်က ရုတ်တရက် ရေကြီးမှုဖြစ်ပေါ်ခဲ့သဖြင့် အနည်းဆုံး လူ ၁၀၃ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ရေကြီးမှုကြောင့် အနည်းဆုံး လူ ၃၇၀လည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့က ရွှံ့ညွန်များအတွင်း နစ်မြုပ်နေသူများကို ဆွဲထုတ်နေရကြောင်း၊ အဆိုးရွားဆုံးမှာ လက်ချ်ဒေသ၌ ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အရာရှိ ခိုဒါက ပြောကြားသည်။

ပြောင်းရွှေ့

ယင်းရေကြီးမှုကြောင့် ဒေသခံပြည်သူများ အိုးအိမ်မဲ့ဖြစ်ရသည့် အရေအတွက်ကို မသိရသေးကြောင်း၊ အနည်းဆုံး လူ ၂၀၀၀ကျော်ကို အစိုးရပိုင်အဆောက်အအုံသို့ ပြောင်းရွှေ့ထားရကြောင်း ခိုဒါက ပြောကြားသည်။

ပျောက်

၄င်းရေကြီးမှုမှာ ဩဂုတ် ၅ရက် ညပိုင်းက မိုးအလွန်သည်းထန်စွာ ရွာသွန်းခဲ့သဖြင့် တောင်ကျရေများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာပြီး နေအိမ်အများအပြားနှင့် မော်တော်ယာဉ်များ ရေစီးအတွင်း ပျောက်သွားခဲ့ကြောင်း ကက်ရှ်မီးယားဒေသခံတစ်ဦးဖြစ်သူ မတ်ဒူးမီဆိုသူက ပြောကြားသည်။ (အင်တာနက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အာဆင်နယ်အတွက် ပွဲထွက်ကစားသမားများ

❖ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ❖

❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ❖

လန်ဒန် ဩဂုတ် ၆

၂၀၁၀-၂၀၁၁ပရီမီယာလိဂ် ဘောလုံးရာသီ ဩဂုတ် ၁၄ရက်၌ စတင်တော့မည်။ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများ ဘောလုံးသမားအသစ် ဝယ်ယူမှု၊ ပြင်ဆင်မှုနှင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသော်လည်း အဓိကပွဲထွက် ကစားသမားများမှာ နာမည်ကြီးပြီး ခြေစွမ်းပြသူများနှင့်သာ ပွဲထွက်ကြမည်ဖြစ်သည်။

ဗန်ပါစီ

အသက် ၂၇နှစ်အရွယ်ရှိသည့် နယ်သာလန် တိုက်စစ်မှူးဖြစ်သည်။ အာဆင်နယ်အတွက် ဘောလုံးပွဲ စုစုပေါင်း ၁၉၆ ပွဲ ကစားပေးထားသည်။ ယင်းတို့မှာ ပရီမီယာလိဂ် ၁၃၁ပွဲ၊ အက်ဖ်အေပွဲ ၁၄ပွဲ၊ လိဂ်ဖလားပွဲ ရှစ်ပွဲ၊ ချန်ပီယံလိဂ်နှင့် အခြားပွဲ ၄၃ပွဲတို့ဖြစ်သည်။ အာဆင်နယ်အတွက် စုစုပေါင်း ၇၃ဂိုး သွင်းယူပေးထားသည်။အဝါကတ် ၃၃ ကြိမ်နှင့် အနီကတ် သုံးကြိမ် အပြစ်ခံထားရသူဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ အာဆင်နယ်အတွက် ပရီမီယာလိဂ် ၁၆ပွဲ ကစားခဲ့ပြီး ကိုးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ လာမည့်ဘောလုံးရာသီ၌ အာဆင်နယ်တိုက်စစ်ကို ဦးဆောင်မည် ဖြစ်သည်။

ဘင့်တနာ

ဒိန်းမတ်နိုင်ငံသား တိုက်စစ်မှူး ဖြစ်သည်။ အသက် ၂၂နှစ်သာ ရှိသေးသော်လည်း အာဆင်နယ်တိုက်စစ်၌ အားထားရသူဖြစ်သည်။ အာဆင်နယ်အတွက် ပွဲပေါင်း ၁၂၂ပွဲကစားပေးထားပြီး ဂိုးပေါင်း ၃၇ဂိုး သွင်းယူပေးထားနိုင်သည်။ အာဆင်နယ်အတွက် ပရီမီယာလိဂ် ၈၁ပွဲ၊ အက်ဖ်အေ ခုနစ်ပွဲ၊ လိဂ်ဖလား ၁၁ပွဲ၊ ချန်ပီယံလိဂ်နှင့် အခြားပွဲ ၂၃ပွဲ ကစားပေးထားခြင်း ဖြစ်သည်။ အာဆင်နယ်အတွက် ဘောလုံးပွဲများ



ကစားခဲ့ရာတွင် အဝါကတ် ၁၀ကြိမ် နှင့် အနီကတ်တစ်ကြိမ် အပြစ်ခံထားရသည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ အာဆင်နယ်အတွက် ပရီမီယာလိဂ် ပွဲပေါင်း ၂၃ ပွဲကစားခဲ့ပြီး ခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ နည်းပြ အာစင်ဝင်းဂါးက လာမည့် ဘောလုံးရာသီ၌ ပွဲထွက်ကစားသမားအဖြစ် သတ်မှတ်ထားသည်။

ဖာဘရီဂတ်စ်

စပိန်နိုင်ငံသား ကွင်းလယ်ကစားသမားဖြစ်သည်။ အသက် ၂၃နှစ်အရွယ်ရှိ



ပြီး အာဆင်နယ်အတွက် စုစုပေါင်း ၂၆၆ ပွဲ ကစားပေးထားသည်။ အာဆင်နယ်အတွက် ဂိုးပေါင်း ၄၈ဂိုး သွင်းပေးထားနိုင်ပြီး အဝါကတ် ၄၉ကြိမ်၊ အနီကတ် တစ်ကြိမ် အပြစ်ခံထားရသည်။ အာဆင်နယ်အတွက် ပရီမီယာလိဂ် ၁၈၇ပွဲ၊ အက်ဖ်အေ ၁၂ပွဲ၊ လိဂ်ဖလား ၁၀ ပွဲ၊ ချန်ပီယံလိဂ်နှင့် အခြားပွဲ ၅၇ပွဲ ကစားပေးထားသည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ ပရီမီယာလိဂ် ၂၇ ပွဲ ကစားပေးခဲ့ပြီး ၁၅ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ လာမည့်ဘောလုံးရာသီ၌ အာဆင်နယ်ကွင်းလယ်ကို ဦးဆောင်မည့်သူဖြစ်သည်။

ရိုဆစ်စကီး

ချက်သမ္မတနိုင်ငံသား ကွင်းလယ်ကစားသမားဖြစ်သည်။ အသက် ၃၀ရှိပြီဖြစ်သော်လည်း ခြေစွမ်းပြနိုင်ဆဲဖြစ်သည်။ အာဆင်နယ်အတွက် စုစုပေါင်း ၉၄ပွဲ ကစားပေးထားပြီး ၁၆ဂိုး သွင်းယူထားနိုင်သည်။ အဝါကတ် စုစုပေါင်းခုနစ်ကြိမ် အပြစ်ခံထားရသော်လည်း အနီကတ် တစ်ကြိမ်မျှ မပြစ်ခံရသည့် ကွင်းလယ်ကစားသမားဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ ပရီမီယာလိဂ်တွင် ၂၅ပွဲ ကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ကွင်းလယ်၌ တိုက်စစ်ကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သူဖြစ်ပြီး ဂိုးလည်း သွင်းယူနိုင်သူဖြစ်သည်။ လာမည့်ဘောလုံးရာသီ၌ ပွဲထွက်ကစားသမားအဖြစ် နည်းပြအာစင်ဝင်းဂါးက သတ်မှတ်ထားသည်။

အီဘူး

အိုင်ဗရီကို့စ်နိုင်ငံသား နောက်ခံကစားသမားဖြစ်သည်။ အသက် ၂၇နှစ်ရှိပြီး အာဆင်နယ်အတွက် စုစုပေါင်း ၁၈၆ ပွဲ ကစားပေးထားပြီး ဖြစ်သည်။ နောက်တန်းခံစစ်မှူးဖြစ်သော်လည်း အာဆင်နယ်အတွက် စုစုပေါင်း ခုနစ်ဂိုးသွင်းယူပေးထားနိုင်သည်။ အဝါကတ် ၂၂ကြိမ်နှင့် အနီကတ် နှစ်ကြိမ် အပြစ်ခံထားရသည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ အာဆင်နယ်အတွက် ပရီမီယာလိဂ် ၂၅ပွဲ ကစားပေးခဲ့ပြီး တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ လာမည့် ဘောလုံးရာသီ၌ အာဆင်နယ်၏ နောက်တန်းခံစစ်ပွဲထွက်ကစားသမားအဖြစ် တာဝန်ယူကစားမည် ဖြစ်သည်။

ဆစ်ဂ်နာ

ပြင်သစ်နိုင်ငံသား နောက်တန်းခံစစ်မှူးဖြစ်သည်။ အသက် ၂၇နှစ်အရွယ်ရှိပြီး အာဆင်နယ်အတွက် စုစုပေါင်း ၁၃၁ပွဲ ကစားပေးထားသည်။ အာဆင်နယ်အတွက် ပွဲပေါင်း ၁၃၁ပွဲ ကစားခဲ့ရာတွင် အဝါကတ် ၁၁ကြိမ်

အပြစ်ခံထားရသည်။ အာဆင်နယ်အတွက် ပရီမီယာလိဂ် ၉၉ပွဲ၊ အက်ဖ်အေ ခုနစ်ပွဲ၊ လိဂ်ဖလား နှစ်ပွဲ၊ ချန်ပီယံလိဂ်နှင့် အခြားပွဲ ၂၃ပွဲ ကစားပေးထားသည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ ပရီမီယာလိဂ် ၃၅ပွဲ ကစားခဲ့ပြီး လာမည့် ဘောလုံးရာသီ၌ အာဆင်နယ် နောက်တန်းအတွက် ပွဲထွက်ကစားသမားဖြစ်သည်။ ။

ကိုးကား - အင်တာနက်

မြင့်မောင်စိုး - ရေးသားသည်

ကွင်းလယ်ကစားသမားကာကာ လေးလကြာအနားယူရမည်

မက်ဒရစ် ဩဂုတ် ၆

ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမားကာကာသည် ဘယ်လ်ဂျီယံတွင် ဒူးခေါင်းခွဲစိတ်ကုသမှု ခံယူပြီးနောက် လေးလကြာအနားယူရလိမ့်မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားသည်။

အသက် ၂၈နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကာကာသည် ဝဲဘက်ဒူးခေါင်း ခွဲစိတ်လိုက်ရကြောင်း၊ ပုံမှန်ပြန်ကောင်းရန်အတွက် သုံးလမှ လေးလအထိ ကြာလိမ့်မည်ဖြစ်ကြောင်း၊ ခွဲစိတ်ဆရာဝန်မာတင်က ပြောကြားသည်။ ကာကာသည် ပြီးခဲ့သည့်နှစ် ဇွန်လက စီရီနယ်ဒိုနှင့်အတူ ရီးရဲမက်ဒရစ်သို့ ရောက်လာခဲ့သည်။ ယမန်နှစ် စပိန်လာလီဂါရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ၂၂ပွဲ ပါဝင်ကစားပေးခဲ့သည်။ (အင်တာနက်)

ကွန်မြူနတီဒိုင်းလုပွဲ အနိုင်ကစားမည်ဟု လမ်းပတ်ပြောကြား

လန်ဒန် ဩဂုတ် ၆

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ စိတ်ညစ်ခဲ့ရသမျှသည် ချယ်လ်ဆီးသို့ ပြန်ရောက်လာချိန်တွင် ပြေပျောက်ခဲ့ရကြောင်း ကွင်းလယ်ကစားသမား လမ်းပတ်က ပြောကြားသည်။

အင်္ဂလန်ဘောလုံးအသင်းသည် တောင်အာဖရိက၌ ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်း ရှုံးထွက်ပွဲအဆင့်တွင် ဂျာမနီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

မိမိတို့ ပြီးခဲ့သည့် ဘောလုံးရာသီက ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ လာမည့် ဩဂုတ် ၈ရက်တွင် မန်ယူနှင့်ကွန်မြူနတီ ဒိုင်းလုပွဲ ကစားရန်ရှိကြောင်း၊ အနိုင်ကစားသွားမည်ဖြစ်ကြောင်း လမ်းပတ်က ပြောကြားသည်။ **(အင်တာနက်)**

တိုက်စစ်မှူးအဒီဘာယော မန်စီးတီးကို ကျောခိုင်းတော့မည်

လန်ဒန် ဩဂုတ် ၆

မိမိသည် ယခုနှစ် နွေရာသီတွင် မန်စီးတီးမှ ကျောခိုင်းထွက်ခွာမည်ဖြစ်ကြောင်း တိုက်စစ်မှူးအဒီဘာယောက ပြောကြားလိုက်သည်။

အဒီဘာယောအား အီတလီကလပ် အေစီမီလန်နှင့် ဂျူဗင်းတပ်တို့က ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ မိမိအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက မန်စီးတီးအတွက် အကောင်းဆုံးကစားပေးနိုင်ခဲ့ကြောင်း၊ လာမည့်ရာသီမှာ မိမိအတွက် ပါဝင်ကစားခွင့်နည်းလိမ့်မည်ဖြစ်ကြောင်း၊ ယင်းအတွက် အီတလီအသင်းများ၏ ကမ်းလှမ်းမှုကို စဉ်းစားနေပြီဖြစ်ကြောင်း တိုဂိုတိုက်စစ်မှူး အဒီဘာယောက ပြောကြားသည်။ (အင်တာနက်)

ခံစစ်မှူးဗီဒစ် မန်ယူမှ ထွက်ခွာမည် မဟုတ်ဟုဆို



လန်ဒန် ဩဂုတ် ၆

မိမိအား အသင်းမှ ထွက်ခွာလိမ့်မည်ဟု အများက ထင်ကြေးပေးနေသော်လည်း မည်သည့်အခါမှ မန်ယူကို ကျောခိုင်းလိမ့်မည်မဟုတ်ကြောင်း မန်ယူနောက်တန်းကစားသမား ဗီဒစ်က ပြောကြားသည်။

အသက် ၂၈နှစ်အရွယ်ရှိ ဆားဗီးယားနောက်တန်းကစားသမား ဗီဒစ်အား အသင်းမှ ထွက်ခွာလိမ့်မည်ဟု ပရိသတ်များက ထင်ကြေးပေးလျက်ရှိသည်။

ဗီဒစ်သည် ၂၀၀၆ခုနှစ်က စပါးတပ်ခ်မော်စကိုအသင်းမှ မန်ယူသို့ ပေါင် ခုနစ်သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး မန်ယူ၏ အဓိကကစားသမားအဖြစ် ပါဝင်ကစားခွင့် ရရှိထားသူဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

လက်ဗေ့ကျော် မားကွက်ဇ် ပတ်ကျွိုင်အောနှင့် ထိုးသတ်လို

ပြီးခဲ့သည့်ဇူလိုင် ၃၀ရက်က လက်ဝှေ့သမားဂျူအန်ဒီယက်ဇ်အား အမှတ်ဖြင့် အနိုင်ရရှိပြီး လက်ရှိ ဒဗလျူဘီအေနှင့် ဒဗလျူဘီအိုလိုက်ဝိတ်သရဖူတို့ကို ထိန်းသိမ်းနိုင်ခဲ့သူ ဂျူအန်မန်နျူယယ်လ်မားကွက်ဇ်သည် တတိယမြောက်လက်ဝှေ့ပြိုင်ပွဲအဖြစ် ဖိလစ်ပိုင် လက်ဝှေ့ကျော် မန်နီပတ်ကျွိုင်အောနှင့် ယှဉ်ပြိုင်ထိုးသတ်လိုသည်ဟုဆိုသည်။

ဟာရေး မိမိတို့နှင့် မထိုးသတ်ရဲဟု ဗီတာလီဆို

ဗြိတိသျှဒဗလျူဘီအေချန်ပီယံ ဒေးဗစ်ဟာရေးသည် ဒဗလျူဘီစီဟဲဗီးဝိတ် သရဖူပိုင်ရှင်ဖြစ်သည့် မိမိ သို့မဟုတ် အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုသရဖူပိုင်ရှင်ဖြစ်သည့် မိမိ၏ညီ ဝလာဒီမီရ်ကလစ်ရှ်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်ခြင်းမပြုရဲကြောင်း ဗီတာလီကလစ်ရှ်ကိုက ဖွင့်ဟပြောကြားသည်။

ပီတာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဟု ဝလာဒီမီရ်ဖွင့်ဟ

အိုင်ဘီအက်ဖ်၊ ဒဗလျူဘီအိုနှင့် အိုင်ဘီအိုဟဲဗီးဝိတ် သရဖူများပိုင်ရှင် အသက် ၃၄နှစ်ရှိ ဝလာဒီမီရ်ကလစ်ရှ်ကိုသည် ၎င်း၏သရဖူများကိုကာကွယ်ပွဲအဖြစ် လာမည့် စက်တင်ဘာ ၁၁ရက်တွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ အသက် ၂၉နှစ်ရှိ နိုင်ဂျီးရီးယား လက်ဝှေ့သမား ဆမ်မြူယယ်လ်ပီတာနှင့် ထပ်မံယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ဖွင့်ဟကြေညာသည်။

ဒိန်းမတ်တင်းနစ်ပြိုင်ပွဲ၌ ကီယိုသာဗွန်ရှုံးပွဲကြုံ

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ကျင်းပသော ဒိန်းမတ်အိုးပင်း အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် ဗြိတိသျှတင်းနစ်မယ် အန်နီကီယိုသာဗွန်သည် ပြိုင်ဘက်ဖြစ်သည့် ကမ္ဘာ့အဆင့်(၆)ရှိ ဆလိုဗေးနီးယားတင်းနစ်မယ်ပိုလိုနာဟာကော့ဂ်အား ၆-၄၊ ၀-၆၊ ၄-၆ ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဘရစ်ဂျ်စတုန်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဝပ်ဆန်ဦးဆောင်

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပလျက်ရှိသော ဒဗလျူဂျီစီဘရစ်ဂျ်စတုန်းဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအဆင့်ပတ်လည်ပွဲစဉ်တွင် အမေရိကန်ဂေါက်သီးသမား ဘတ်ဘာဝပ်ဆန်သည် စုစုပေါင်း ရိုက်ချက် ၆၄ချက်ဖြင့် သတ်မှတ် ရိုက်ချက်အောက် ခြောက်ချက်လျှော့ရိုက်ကာ ပြိုင်ပွဲကို ဦးဆောင်နိုင်ခဲ့သည်။

ရော်ဘင်ဟို ဆန်တို့စ်နှင့် စာချုပ်သက်တမ်းတိုးလို

ဘရာဇီးမှ ဆန်တို့စ်အသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက် ကစားနေသော မန်စီးတီး တိုက်စစ်မှူး ရော်ဘင်ဟိုသည် ယင်းအသင်းကို ဘရာဇီးပြည်တွင်းလိဂ်ဖလား ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ထပ်တိုးလိုသည်ဟုဆိုသည်။

(အင်တာနက်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၆-၈-၂၀၁၀ ရက်တွင် ASIA GREEN DEVELOPMENT BANK ၏ နေပြည်တော်ဘဏ်ခွဲကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။

AYER SHWE WAH GROUP OF COMPANIES
အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၆-၈-၂၀၁၀ရက်တွင် ASIA GREEN DEVELOPMENT BANK ၏ နေပြည်တော်ဘဏ်ခွဲကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။

ဧရာရွှေဝါဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
စီမံကိန်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစု။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရ

နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ တရားရုံးချုပ်အသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၇ရက်ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးဘောလုံးအားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါး ဆန်ခါပိုက်ဖြင့် ပျိုးထောင်နည်း ဇီးကုန်းမြို့နယ်၌ ပြသရှင်းလင်း

ဇီးကုန်း ဩဂုတ် ၆

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် မိုးစပါးစိုက်ဧက လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ၂၀၁၀-၂၀၁၁မျိုးသန့်စံပြရွာတွင် မိုးစပါးဆန်ခါပိုက် ပျိုးထောင်စနစ်ဖြင့် မျိုးစေ့ထုတ်စံပြစိုက်ပျိုးရေး နည်းပညာပေးစိုက်ပျိုးပြသပွဲကို ဇွန်၂၃ရက် နံနက် ၈နာရီက သရက်တစ်ပင်အုပ်စု ကွင်းအမှတ် ၄၁၂၊ ဦးပိုင် ၁၃ တောင်သူ ဦးကံချွန်လယ်၌ ကျင်းပသည်။

ရှင်းလင်းပြသ

အဆိုပါ သရုပ်ပြပွဲအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်စိုးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ တက်ရောက်ကြပြီး ဆန်ခါပိုက်ပျိုးထောင်ပြီး မျိုးစေ့ထုတ်စံပြစိုက်ပျိုးခြင်းကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမျိုးမြင့်နှင့် ဝန်ထမ်းများက ပြကွက်များဖြင့် ရှင်းလင်းပြသကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သတိပေး နှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့ မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့် အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုမရှိရေး ကျိုင်းတုံတွင် အသိပညာပေးဟောပြော

ကျိုင်းတုံ ဩဂုတ် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျိုင်းတုံမူးယစ်(အထူး)အဖွဲ့က ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၇ရက် မွန်းလွဲပိုင်းက ကျိုင်းတုံ ယန်းလူးအခြေခံ ပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် ကျိုင်းတုံမူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်မောင်မောင်ထွန်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းကိုလည်းကောင်း **(အောက်ပုံ)**၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မြင့်မြင့်ခိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်းကိုလည်းကောင်း၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်မြင့်မြင့်လေးက အိမ်သုံးဆေးဝါး အလွဲသုံးမှုနှင့် အန္တရာယ်များအကြောင်းကိုလည်းကောင်း၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းသိန်းက ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း ဟောပြောရာ ဆရာ ဆရာမနှင့် ကျောင်းသူ ကျောင်းသား ၂၇၀ကျော် တက်ရောက်ခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၆)၊ အမှတ် (၄) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၆

ဩဂုတ်လအတွင်း မုန်တိုင်းဖြစ်ပေါ်နိုင်၍ သတိထားရန်၊ လူငယ်တွေကို ဟန့်တားရင်း တုံးသွားအောင် မလုပ်ပါနဲ့ဟု လူထုစိန်ဝင်းက ပြောကြား၊ လူကုန်ကူးခံရသူတွေအတွက် အခမဲ့ဆောင်ရွက်ပေးသည့် ဥပဒေအတိုင်ပင်ခံအဖွဲ့၊ ဈေးများအတွင်း သဘာဝ သားငါး၊ ပုစွန်များ နည်းပါးလာ၊ မန္တလေးတွင် လိုင်စင်မရှိသည့်လုပ်ငန်းများ အရေးယူတော့မည်၊ ဝါတွင်းကာလ အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံသူများလာ၊ ကမ်းနားလမ်းသစ်နှင့် လမ်းဟောင်းကြား ဖြတ်လမ်း၂၇ခု ဆောက်လုပ်မည်၊ စစ်တွေဈေးကြီးကိုလာသည့် ခရီးသည်နှင့် မော်တော်များအတွက် ဖောင်တော်သစ် တည်ဆောက်ပြီးစီး၊ ငါးသိန်းတန်ဖုန်း နယ်များတွင် ချပေးမည်၊ သီရိမင်္ဂလာဈေးသစ် ဩဂုတ်လတွင် တည်ဆောက်ပြီးစီးမည်၊ တရားမဝင် မော်တော်ယာဉ်များ လိုင်စင်လုပ်ရာတွင် ဈေးလျှော့ပေး၊ TA TA အိန္ဒိယစက်မှုကုမ္ပဏီကြီး မြန်မာပြည်တွင် စတင်လည်ပတ်တော့မည်၊ ဒေါ်လာဈေးတက်ပြီး ရွှေဈေးကျရိပ်ပြ၊ စည်ကားစပြုနေသော တောင်ပြုန်းပွဲဈေး၊ ဆန်အိတ်တစ်တန်ခန့်ကို ခိုးယူသယ်ဆောင်သူများအား ဖမ်းမိ၊ ဒဂုံခေါ် ရန်ကုန်မြို့တော်အကြောင်း၊ ဇင်ယော်နီ၏ ကံကောင်းချင်သူများ အတွက် ယတြာဂဏန်း၊ ဓာတ်ဆေးမပါ သဘာဝအတိုင်း စိုက်ပျိုးထားသော (ဩဂဲနစ်) အသီးအနှံအရောင်းဆိုင် သီးသန့်ဖွင့်လှစ်မည်၊ ထိုင်းနိုင်ငံမှ မြန်မာပြည်ထွက် ဩဂဲနစ် အသီးအနှံများများဝယ်ယူလို၊ ပညာသင်စရိတ် အခက်အခဲရှိသူများအတွက် ပညာသင်ဆုပေးမည်၊ မောင်သန်းဆွေ(ထားဝယ်)ရဲ့ ဖူးစာနှစ်ခိုင်၊ စားသုံးသူများ၏ အခွင့်အရေး စောင့်ရှောက်ခြင်းဖြင့် ပြည်သူ့အကျိုးကို ကာကွယ်ပါ၊ တရုတ်(တိုင်ပေ)နှင့် ကိုရီးယား ထိပ်တန်းသရုပ်ဆောင်များ၊ အမေရိကန်သမ္မတကတော် မီရှယ်အိုဘားမား လိုင်ဘေးရီးယားသမ္မတဟောင်း ချားတေလာနာအိုမီကင်ဘဲလ်၊ တရုတ်ပြည်မှ အဆိုးရွားဆုံး ရေနံယိုဖိတ်မှု စတဲ့ ပြည်တွင်းပြည်ပ သတင်းများကို ဖတ်ရှုရမည့် News Watch (စောင့်ကြည့်) ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။
(သတင်းစဉ်)

7-8 (13).pmd 1 8/7/2010, 1:19 AM

ရုံးလုပ်ငန်း မွမ်းမံသင်တန်းဆင်းပွဲ

မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်

နေပြည်တော် ဩဂုတ် ၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ဇူလိုင် ၃၀ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသော ရုံးလုပ်ငန်းမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက သင်တန်းပို့ချခဲ့သော ပြင်ပနည်းပြများအား ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

စစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် ရတနာပုံဘဏ်လီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသော ရတနာပုံဘဏ်လီမိတက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး

စစ်တွေ၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့တို့၌ လုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဇူလိုင် ၂၈ရက်က စစ်တွေမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်တွေသင်္ဘောကျင်း၌ ရေယာဉ်များလွန်းတင်ပြင်ဆင်နေမှုနှင့် ပြီးစီးမှု၊ ဆိပ်ကမ်း၌ဆိုက်ကပ်ထားသော ရေကြို့ရေယာဉ် မွမ်းမံပြင်ဆင်ထားရှိမှု၊ ရေယာဉ်များကုန်များတင်ဆောင်နေမှုနှင့် ဆပ်ရိုးကျချောင်း ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးဆောင်ညွှန်ကြားရေးမှူးသည် ဇူလိုင် ၂၉ရက်တွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ထွက်ခွာမည့် အောင်တံခွန်(၃) ရေယာဉ်ဖြင့်လိုက်ပါလျက် စစ်တွေ-ဘူးသီးတောင်သို့ ခရီးသည်များ လိုက်ပါစီးနင်းမှု၊ ခရီးလမ်း ရေလမ်းကြောင်းအခြေအနေ၊ ရသေ့တောင်မြို့အဝင် ရေလမ်းကြောင်း၊ ဆိပ်ကမ်းအခြေအနေနှင့် ခရီးသည်များ တက်၊ဆင်းနေမှု အခြေအနေတို့ကိုလည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် ဘူးသီးတောင်ဆိပ်ကမ်း၌ ဘူးသီးတောင်မှ စစ်တွေသို့ ထွက်ခွာမည့်ရေယာဉ်၊ ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေနှင့်ကုန်များတင်ဆောင်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်လှစ်ပို့ချ

ဟိုပန် ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ကျင်းပသည့် ရပ်ကွက်၊ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန် ၁၉ရက် နံနက် ၉နာရီခွဲက ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌လည်းကောင်း၊ **(အပေါ်ပုံ)** ဇွန် ၂၂ရက် နံနက် ၁၀နာရီခွဲတွင် ပန်လုံ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌လည်းကောင်း ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဌေးက အမှာစကားပြောကြားသည်။

ရှင်းလင်းပို့ချ

သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဌေးနှင့် အဖွဲ့ဝင်များဖြစ်သည့် ဦးလှမြင့်၊ ဦးစိုင်းဆာထွန်း၊ ဦးဇော်ဇော်ဟန်နှင့် ဦးဝေမိုးဦးတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်နှင့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပို့ချကြသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ဝင် စုစုပေါင်း ၂၃၀ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေထွေ

သစ်သားတံတားဆောက်လုပ်

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ရွှေကျင်မြို့မှ ခြေတော်ရာကျေးရွာသို့ ဆက်သွယ်သော သစ်သား တံတား ဆောက်လုပ်ပြီးစီးမှုကို ဇူလိုင် ၂၇ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျ သွယ်တန်းထားရှိမှုနှင့် မီးသတ်ဆေးဘူးများ ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

လပွတ္တာ ဩဂုတ် ၅

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁၅ရက်တွင် လပွတ္တာမြို့ရှိ ဆုတောင်းပြည့်ဘုရားကြီး၌ ကျင်းပမည်ဖြစ်သည်။

နှီးဆော်

အလှူရှင်များအနေဖြင့် ဦးကောင်းရင် (ယာယီဥက္ကဋ္ဌ)ဖုန်း-၆၆၃၀၆၂၊ ဦးဟန်စိန် (ဒုတိယဥက္ကဋ္ဌ)ဖုန်း- ၅၄၁၈၀၆၊ ဦးသန်းထွန်း (အတွင်းရေးမှူး) ဖုန်း- ၃၇၁၅၄၄၊ ဦးခင်မောင်လေး (တွဲဖက်အတွင်းရေးမှူး) ဖုန်း- ၇၀၃၀၇၇၊ ဦးအမိုင် (ဘဏ္ဍာရေးမှူး) ဖုန်း- ၂၂၇၄၇၂၊ အသင်းတိုက်ရုံး ဖုန်း- ၂၂၂၀၈၈နှင့် လပွတ္တာမြို့ရှိ ဌာနေကိုယ်စားလှယ်များထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အရန်သားဖွားသင်တန်း တာချီလိတ်၌ဖွင့်

တာချီလိတ် ဩဂုတ် ၅

တာချီလိတ်ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ အရန်သားဖွား ခြောက်လသင်တန်းဖွင့်ပွဲကို ဇူလိုင်၂၀ရက် နံနက် ၉ နာရီက တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး မိခင်နှင့်ကလေးကျန်းမာရေးဌာနအဆောက်အအုံ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ရှင်းလင်း

ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းထွဋ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်က သင်တန်းသူများလိုက်နာရန် စည်းကမ်းချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ **(၀၁၆)**

ဒေးဒရဲအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၆

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ (၉)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၄ရက်က ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ဒေးဒရဲအသင်းမွှေမာရုံကြီး၌လည်းကောင်း၊ (၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်က ဒေးဒရဲမြို့ မင်္ဂလာကန်ကျောင်း၌လည်းကောင်း ကျင်းပရာ ဒေးဒရဲ မြို့နယ်အသင်း ဥက္ကဋ္ဌ ဦးအောင်သန်းမြင့်နှင့် အလှူရှင်အသင်းသူ အသင်းသားများက စုပေါင်း ပါဝင် လှူဒါန်းခဲ့ကြသည်။ **(ဒေးဒရဲအသင်း)**

ပြည်မြို့နယ် ရွှေဝါမြေကျေးရွာ၌ မိတ်ဆွေစစ် စာကြည့်တိုက်ဖွင့်

ပြည် ဩဂုတ် ၄

ပြည်မြို့နယ် ကြခတ်ကျေးရွာအုပ်စု ရွှေဝါမြေကျေးရွာ မိတ်ဆွေစစ်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ်များကို အားလေးအားဖြင့် အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းက စာကြည့်တိုက်ဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်က စာကြည့်တိုက် ငွေပဒေသာပင် ရန်ပုံငွေကျပ်နှစ်သိန်း၊ တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်က စာအုပ် စာစောင်မျိုးစုံအုပ် ၂၀၀တို့ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ ထို့နောက် တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်၊ ပြည်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်၊စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ကြည်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ်(၁)အတွက် လိုအပ်သော ကြွေဆေးနှင့်ဓာတ်ဆေးကုန်ကြမ်းပစ္စည်း(၁၁)မျိုးအား ဝယ်ယူရန် နိုင်ငံခြားငွေ USD (CIF) ဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၃-၈-၂၀၁၀ ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ဝ၆၇-၄၀၈၁၉၅ နှင့် ၀၁-၅၃၀၄၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ဘီးစက်ရုံများအတွက် လိုအပ်သော စက်ဘီးကုန်ကြမ်းအစိတ်အပိုင်းများနှင့် ဓာတ်ဆေးပစ္စည်း(၂၅)မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၃-၈-၂၀၁၀ ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်-ဝ၆၇-၄၀၈၁၉၅ နှင့် ၀၁-၅၃၀၄၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	တာယာ	၃၈၁၀ စုံ
(ခ)	ဘက်ထရီ	၁၆၅၄ လုံး
(ဂ)	စက်ဆီ/ချောဆီ	1 Lot

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၈-၂၀၁၀ရက် ၁၆:၀၀နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ်၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၀၄၂၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အဖေွ့ ၁၃/လရန(နိုင်)၁၃၂၂၄၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၁၉၃၂ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း ၁၃/ဖခန(နိုင်)၀၄၂၄၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊ ဖန်းမော်၊ ဖန်းမော်မြို့။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၇-ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၂၈၆၊ မြေကွက်တည်နေရာအမှတ် ၂၈၆၊ ခတ္တာလမ်း(၁၇)၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ ဒေါ်အေးအေး ၁၂/ကမတ(နိုင်)၀၄၀၉၆၂ အမည်ပေါက် ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် $\frac{၁၆၃၁}{၁၃-၇-၉၉}$ ဖြင့် ဝယ်သူဦးတက်တိုးနှင့် ဒေါ်နီနီတို့ ကွယ်လွန်သဖြင့် ဒေါ်ဝင်းမြင့် ၁၂/ကမတ (နိုင်) ၀၃၅၃၃၃၏ GP- ရသူ ဒေါ်အုံးအုံးက တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၃၇၀၈၀ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၃/တကန(နိုင်)၁၄၉၅၂၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(ခရိုင်ရုံး)၊ တာချီလိတ်။

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၇၇၁၆ NISSAN Vanette VGJC-22 P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးမင်း ၁၂/သဃက(နိုင်)၁၅၄၁၆၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)၊ရန်ကုန်မြို့။**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၄၆ပေ×ပေ၆၀တွင် RC နှစ်ထပ်၊ အဆင်သင့်နေနိုင်၊ (ရေသန့်၊ ပန်းထိမ်) လုပ်ရန်ကောင်း၊ ပေ(၂၀×၆၀) ဂိုဒေါင်တစ်လုံး၊ လမ်းမကြီးကျောချင်းကပ်၊ ဂရန်၊ ရေ (အဝီစိ၊ဂျိုးဖြူ)၊ မီး၊ ဖုန်း၊ ဈေး၊ ကျောင်းနီး။ (၇)ရပ်ကွက်၊ တောင်ဥက္ကလာ။ **ရောင်းဈေး ကျပ်သိန်း ၆၈၀။**

ဖုန်း-၅၆၂၇၉၅၊
၀၉-၅၁၇၆၅၇၅။

[illegible]

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၇၂၀၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးညွှန့်အေး ၅/တမန (နိုင်)၀၀၅၆၂၂ က စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး)၊ ကလေးမြို့။**

အမည်ပြောင်း

အဖဦးသက်ဦး၏သား ရောဝတီတိုင်း ငပုတောမြို့ အမက(၂) စတုတ္ထတန်းမှ မောင်ထင်လင်းသန့်အား မောင်ထူးခန့်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထူးခန့်ဦး။**

H.X" [illegible]

No.87, H.K 4th F, [illegible]

No.8,6th F, [illegible]

Ph: 211532,709482,09-5006903,5114525

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃A၊ မြေကွက်အမှတ် ၄၉၊ မြေကွက်တည်နေရာ အမှတ် ၉၉၊ ၁၅၅လမ်း၊ တာမွေကြီး က+ဂ ရပ်ကွက် Mr.W.A. Bernard အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် Mr.W.A. Bernard ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နင်းညွှန့်က ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် $\frac{၆၅၂/၈၂}{၂၂-၁-၈၂}$ ဖြင့် ချုပ်ဆိုခဲ့ပြီး တာမွေမြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၃၄/၀၈ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စီရင်ချက်ကို တင်ပြ၍ ဒေါ်မြင့်သန်း ၁၂/တမန(နိုင်) ၀၃၂၅၃၅က ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

သားအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်အောင်မြင့် ၁၂/သလန(နိုင်) ၀၇၁၃၆၄ သည် မိဘမောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ၏ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သောကိစ္စအဝဝကို မိသားစုမှ တာဝန်ယူ၍ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြစိုး(ခ)ဦးစိန်ဂဲ
စိန်ဂဲနှင့်သားများ ဂုန်နီ ပီနံအိတ်၊ စက္ကူဘူးရောင်းဝယ်ရေး၊ ဘုရင့်နောင်။

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၂၅၇၄ Cheng Fi-100 ယာဉ်လက်ဝယ်ရှိသူ ဦးငွေဝင်းသန်း ၈/မကန(နိုင်)၀၃၁၅၇၁ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ (တိုင်းရုံး)၊ မကွေး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၇၀၅၅၇ Yinxiang ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းနွယ်ဦး ၈/မကန(နိုင်) ၁၃၂၉၈၅ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ (တိုင်းရုံး)၊ မကွေး။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၇၄၂၆၃၊ ၁၃ယ/၃၄၀၃၁ Yamaha 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးလွင် ၁၂/လမတ (နိုင်)၀၁၇၀၉၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ဇူလိုင် ၁၅ရက်က ရေစကြိုမြို့ မြို့မဈေး မီးဘေးအန္တရာယ်ကင်းရေး ဆောင်ရွက်ထားမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပညာရိပ်မွန်စာကြည့်တိုက် ပင်းတယမြို့နယ် ကျုံးကျေးရွာ၌ဖွင့်

ပင်းတယ ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ် ကျုံးကျေးရွာအုပ်စုတွင် နိုင်ငံတော်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သော ပညာရိပ်မွန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၉ရက် နံနက် ၁၀နာရီက ကျုံး(မြို့မ) ကျေးရွာ၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌနှင့် ကျုံးကျေးရွာ ရပ်မိရပ်ဖ ဦးတူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ သုတ၊ ရသစာအုပ် ၅၀ကိုလည်းကောင်း၊ Green-Tea စားသောက်ဆိုင်မှ ဦးညွှန့်အောင်နှင့် ဦးမြင့်ဇော် မိသားစုတို့က နက္ခတ္တနှင့် သုရဇ္ဇဂျာနယ် ၁၀၀ကို လည်းကောင်း၊ ရန်ကုန်မြို့ စမ်းချောင်းနေ ဦးမြင့်ထူးမိသားစုက ဂျာနယ် ၅၀ကိုလည်းကောင်း လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယရဲမှူးသောင်းညွှန့်က ထိုင်ခုံလေးလုံးကိုလည်းကောင်း၊ ယွန်းနဒီအခွေငှားဆိုင်မှ ကိုဝေလင်း မိသားစုက ထိုင်ခုံနှစ်လုံးကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ထိုင်ခုံ လေးလုံးကိုလည်းကောင်း လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

လောင်းလုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လောင်းလုံးမြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်မီးကပ်၊ ရေကန်၊ သဲပုံးနှင့် မီးသတ်ဆေးဘူးများထားရှိမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇူလိုင် ၁၇ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုးထိုက်ဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel Muhammad Tariq Farid Khan အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒေါက်တာနီနီအေး၏ ''သွေးလွှန် တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ'' ဆောင်းပါးကို စာမျက်နှာ-၁၀ တွင် ဖတ်ရှုနိုင်ပါသည်။